The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 26, NO. 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 2, 2026



# မြန်မာ့ယဉ်ကျေးမှုလက်ရာ ယွန်းလက်မှုပညာ

စာမျက်နှာ - ၁၄

## ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

စာမျက်နှာ - 8

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

စာမျက်နှာ - 20

## မြန်မာ့ပြောင်းအား ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ပြင်ဆင်

စာမျက်နှာ - 20







# Advansia Advansia Agroscience Co., Ltd.

နိုင်ငံတကာ အရည်အသွေးနှင့် ကိုက်ညီ၍ ဈေးနှုန်းသင့်တော်သော
ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး နှင့် ရွက်ဖျန်းမြေဩဇာများကိုသာ တင်သွင်းဖြန့်ဖြူးပါသည်။



## သင့်တော်သောဈေးနှုန်း နိုင်ငံတကာအရည်အသွေးမှီဆေး

| ပိုးသတ်ဆေး | မှိုသတ်ဆေး | ပေါင်းသတ်ဆေး | အပင်အားဖြည့်ဆေး |
|---|---|---|---|
| အဆီတာ | အဘာဒို | အဘီမင်း | အက်ထရာ ရှ |
| အဘင့်ဇ် | အကော့ | အချော | အမီရာ |
| အဒဲလ် | အမိုလင် | အပီလင် | အေနာနို |
| အဒိုကာ | အမိုတော့ပ် | အရာတီ | မာတီဆတ် |
| အကက်စ် | အရိမို | အဟေလို | အေမီခရိုတာဘို |
| အကိုဆူ | အပီလီယို | အလီတာ | အေမီဂို |
| အလိုဆာ | ချန်ပီယံ | အဘိုဇွန် | |
| အမီကို | မိုတိုပင် | | |
| အဆီကွန် | | | |
| အမြူရွန် | | | |
| အတာမစ် | | | |
| အလီဗီ | | | |

**Advansia Agroscience Company Limited.**

တိုက်အမှတ်(၅)၊ (၃)လွှာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (စာတိုက်အမှတ် - ၁၁၀၅၁)၊ ရန်ကုန်မြို့။

Building No.(5), 3rd Floor, Parami Road, (16) Ward, Hlaing Township, (Postal Code : 11051) Yangon Division, Myanmar.

Tel : + 95 9 44643 2385 / Email : myanmar@advansia.com / Website : https://advansiaagroscience.com

Advansia Agroscience Myanmar  Advansia Agroscience Myanmar



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန Additional Secretary Sh. Nitin Kumar Yadav တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် (၉) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန Additional Secretary Sh. Nitin Kumar Yadav တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၀ ရက် ညနေ ၄နာရီက နေပြည်တော် ရုံးအမှတ်-၃၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးတွဲကုန်သွယ်ရေးကော်မတီ အစည်းအဝေးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာစေရေး ညှိနှိုင်းဆွေးနွေးသွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး-ကျပ် အသုံးပြုမှု အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုများကို တွန်းအားပေး ဆောင်ရွက်သွားရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **MOC(IR)**

## စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်

စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီ စားသုံးမှု၊ သုံးစွဲမှု၊ ထုတ်လုပ်နိုင်မှုနှင့် တင်သွင်းရန် လိုအပ်မှုတို့ကိုအခြေခံပြီး ပြည်ပမှ စားသုံးဆီတင်သွင်းရန် လိုအပ်ချက်ကို တွက်ချက်ကာ တင်သွင်းခွင့်ပြုလျက် ရှိပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ရည်ညွှန်းဈေးနှုန်း ဖြစ်စေရေးအတွက် စားသုံးဆီ ရည်ညွှန်းဈေးနှုန်း စိစစ်တွက်ချက်ရေးအဖွဲ့မှ သေချာစွာစိစစ်တွက်ချက်၍ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မလိုအပ်သော ကုန်ကျစရိတ်များကို လျှော့ချခြင်းနှင့် ပြည်ပ CIF ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းတို့ကြောင့် စက်တင်ဘာလ စတုတ္ထပတ်မှ ဒီဇင်ဘာလအထိ စားသုံးဆီ တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၅၆၀ ကျဆင်းလာခဲ့ကြောင်း၊ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲဝေလျာထားသည့် ပမာဏအတိုင်း ရောက်ရှိနိုင်စေရန် တိုင်းဒေသကြီးစားအုန်းဆီ ဖြန့်ဖြူးမှုကြီးကြပ်ရေးကော်မတီများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီများနှင့် ညှိနှိုင်းပေးလျက်ရှိကြောင်း၊ အချို့သောမြို့နယ်များတွင် ကော်မတီမှ သတ်မှတ်သည့်ဈေးနှုန်းထက် မြင့်တင်ရောင်းချလျက်ရှိသကဲ့သို့ အချို့မြို့နယ်များတွင် ခွဲတမ်းကို အပြည့်အဝ ရောင်းချမှု မရှိခြင်းတို့ကို ကြားသိရသည့်အတွက် သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာဒေသသို့ သတ်မှတ်ဈေးနှုန်း၊ အရည်အသွေး၊ အချင်အတွယ် မှန်ကန်စွာဖြင့် ရောင်းချစေရေးနှင့် မသမာသောနည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချမှုများကို စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် တင်သွင်းခွင့်ရရှိသော စားအုန်းဆီများကို ပြည်သူများထံ အပြည့်အဝ ဖြန့်ဖြူးရောင်းချခြင်း၊ မိမိတို့၏ လက်ကား/လက်လီကိုယ်စားလှယ်များကို ကြီးကြပ်ထိန်းကျောင်းခြင်းတို့ ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် တင်သွင်းဖြန့်ဖြူးရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ဝန်ကြီးဌာန၏ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ဆက်သွယ်ပြီး ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးဆီ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ် (SOP) များအား တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ စားသုံးဆီကဏ္ဍ အထောက်အကူပြု အဖွဲ့များဖြစ်သည့် ဆီကန်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့နှင့် လေ့လာစောင့်ကြည့်သုတေသနအဖွဲ့တို့အနေဖြင့် မြေပြင်အခြေအနေမှန်များအား တင်ပြရေး၊ မီဒီယာများနှင့်တွေ့ဆုံ၍ အများပြည်သူသိသင့် သိထိုက်သည့် သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းစစ်ဆေးရေး လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် စားသုံးဆီ တင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**MOC (IR)**

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
ကေခိုင်ဦး
ဟန်ဝင်းကျော်

**စာတည်းမှူးချုပ်**
သန့်စင်မင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ဖြူဖြူဝင်း (၀၉ ၄၃၀ ၂၃၁၇၀)
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးမင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**Email Address**
commercejournal.editor@gmail.com

ORO

Cargo & Logestic


# SMOOTH OF THE BUSINESS

WE ARE AVAILABLE AND PROVIDING FOR YOUR BUSINESS



**ADDRESS** : No(104) 48th street Botahtaung Yangon
POSTAL : 11161
Fax/email : orobrightco.ltd@gmail.com

**CONTACT US : +959 777 977 905**


MOH MOH
Import / Export
IMPORT & EXPORT TRADING COMPANY LIMITED
WE ARE AVAILABLE AND PROVIDING FOR YOUR BUSINESS
ADDRESS : (1) NO (267)-1022, Army Street, Maekanae, Myawaddy.
(2) No. 47/2, Asia Road, Maekanae ward, Myawaddy Township,
Kayin State, Myanmar
POSTAL : 13051
Fax/email : ladymothmoth1947@gmail.com
Mobile : 09 791 841 995, 09 445 792 644



မှန်ကန်မှုသည် အဓိက . . . မှန်ကန်မှုဖြင့် ကျေနပ်စေရမည်။
ရောင်းမလား! ဝယ်မလား! စိတ်ချရသည့်
သမာဓိ လားရှိုး
စိန်ရွှေရတနာဆိုင်
誠 信 金 舖
ဆိုင်(၁) အမှတ် (၂၅၈၊ ၂၆၆၊ ၂၆၈၊ ၂၆၉၊ ၂၇၁၊ ၂၇၂)၊ ချယ်ရီရုံ၊ မြို့မဈေးအတွင်း၊ လားရှိုးမြို့။
09 5260422, 09 786777778, 09 979998111
ဆိုင်(၂) အမှတ် (၃၁၃)၊ ပညာဒလလမ်း၊ ၁၄၅ လမ်းဆုံ၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 754912345, 09 764912345




ရတနာတို့ရဲ့စံအိမ်
ရွှေမှာဆို . . .
ရွှေစံအိမ်
Shop (1) ၈၄လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့ 09779977771
Shop (2) Junction City Level -2 Yangon 09889977772
Shop (3) Times City Jewellery Mall Level -2 Yangon 09889977773
Shop (4) ဘုန်းကြီးလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ 09889977774
Shop (5) Mingalar Mandalay Shopping Mall Mandalay 09779977775
Shop (6) Terminal M Leisure Mall Yangon 09889977776
Shop (7) Gamone Pwint Whole Sale Mall Yangon 09976667777
Shop (8) လမ်း၈၀၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့ 09889977778

# ကျန်းမာရေးအတွက် အစွမ်းထက်သော ယာကွန်ဥ ခေါ် မြေပန်းသီး

**အေးအေးမော် (ကယားမြေ)**

ယာကွန်ဥသည် ဆေးဖက်ဝင်အဖြစ် ကမ္ဘာတစ်ဝန်းတွင် လူသိများလာသည်။ ယာန်ကွန် (Yacon)သည် တောင်အမေရိကတိုက်ရှိ အန်းဒီးတောင်တန်း (Andes Mountain) ဒေသမှ စတင်မြစ်ဖျားခံလာသော အပင်တစ်မျိုးဖြစ်ပြီး နေကြာပန်းမျိုးရင်းစုတွင်ပါဝင်ပြီး ရုက္ခဗေဒအမည်မှာ Smallanthus sonchifolius ဖြစ်သည်။ အခြားနာမည် (Earth Apple) မြေပန်းသီးဟုလည်း ခေါ်ဝေါ်ကြသည်။ ယာကွန်ဥသည် အပူချိန် 18°C မှ 25°C အတွင်းတွင် စိုက်ပျိုးဖြစ်ထွန်းပြီး ပူပြင်းလွန်သော ရာသီဥတုကို မကြိုက်ကြောင်း၊ အအေးပိုင်းဒေသ အအေးဓာတ်ရှိသော ရာသီဥတုမျိုးကိုနှစ်သက်သည့်အတွက် မြန်မာနိုင်ငံတွင် တောင်ပေါ်ဒေသ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း ၊ အရှေ့ပိုင်းရှိ ရာသီဥတု၊ မြေအမျိုးအစားတို့နှင့် ကိုက်ညီဆုံးဖြစ်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးသဖြင့် တောင်ကြီး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ နောင်တရားမြို့များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် စိုက်ပျိုးလေ့ရှိသည်။

၎င်းအပြင် အပူပိုင်းဒေသ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသရှိ အေးသောဒေသများ၌လည်း ရာသီဥတုနှင့် ကိုက်ညီသောကြောင့် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့သည်လည်း တောင်ကုန်း၊ တောင်တန်းများထူထပ်ပြီး အေးမြသော ရာသီဥတုရှိသည့် နေရာမျိုးတွင် စိုက်ပျိုးရန်သင့်သည့်အပြင် ကချင်ပြည်နယ် ဗန်းမော်နှင့် မြစ်ကြီးနားအထက်ပိုင်းအေးမြသော ဒေသတွင်လည်း စိုက်ပျိုးနိုင်သည်။

ယာကွန်ဥကို စိုက်ပျိုးရန်သင့်တော်သော အချိန်သည် တောင်ပေါ်ဒေသတွင် မိုးဦးကာလ မေလနှင့် ဇွန်လတို့သည်စိုက်ပျိုးရန် အကောင်းဆုံးကာလဖြစ်သည်။ မေလတွင် စိုက်ပျိုးပါက နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာ (ဆောင်းဦးပေါက်၊ ဆောင်းတွင်း) တွင် ရိတ်သိမ်းနိုင်သည်။ စိုက်ပျိုးချိန်မှ ၆ လ ၇ လ ခန့်ထိ အချိန်ပေးရသောသီးနှံ တစ်မျိုးဖြစ်သည်။ အောက်တိုဘာလ၊ နိုဝင်ဘာလတို့တွင်လည်း ရေသွင်းစိုက်ပျိုးခြင်းအား စိုက်ပျိုးနိုင်သည်။

ယာကွန်ဥသည် စိုက်ပျိုးရာတွင် လွယ်ကူသော်လည်း ဥထွက် ကောင်းမွန်ပြီး ဥလှပစေရေးအတွက် နေရောင်ခြည် တိုက်ရိုက်ထိတွေ့သော နေရာဖြစ်ရန်လိုကြောင်း၊ မြေအောက်တွင် ဥရသော အပင်ဖြစ်သောကြောင့် မြေပွရန်လည်း အဓိကလိုအပ်သည်။ မြေကျပ်နေပါက ဥ ပုံသဏ္ဌာန်မှာ မလှပဘဲရှိခြင်း၊ ဥများသေးခြင်းလည်း ဖြစ်တတ်သည်။

လွိုင်ကော်ဈေးကွက်တွင် ဇန်နဝါရီလ နောက်ဆုံးပတ်ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၉၅၀၀ မှ ၁၀၀၀၀ ထိဈေးနှုန်းပေါက်လျက်ရှိသည်။ အရသာနှင့် ပုံသဏ္ဌာန်မှာ ကန်စွန်းဥနှင့် ပုံစံတူသော်လည်း အခွံခွာလိုက်ပါက သစ်တော်သီးကဲ့သို့ ကြွပ်ကြွပ်ရွရွရှိပြီး ရေဓာတ်ပြည့်ဝ၍ အရည်ရွှမ်းသောပန်းသီး (သို့မဟုတ်) သစ်တော်သီးကဲ့သို့ ချိုမြိန်ပြီး အရသာရှိသောဥတစ်မျိုးဖြစ်သည်။ ယာကွန်ဥကို ပန်းသီး၊ သစ်တော်သီးကဲ့သို့ အခွံခွာ အစိမ်းစားခြင်းကပို၍အရသာရှိသည်။ ဥမှထုတ်ယူသော အရည်ကို မုန့်လုပ်ငန်းများ၊ ဖျော်ရည် ဖျော်သောက်ရာတွင် သကြားအစားထိုး အချိုရည်အဖြစ် ထည့်သွင်းအသုံးပြုကြသည်။ ဥကိုရေဆေးအခွံခွာပြီး ဓားဖြင့် ပါးပါးလှီး၍ အခြောက်ခံကာ သရေစာအဖြစ်လည်း စားသုံးကြသည်။ ယာကွန်ဥတွင်ပါသော အချိုဓာတ်သည် သွေးတွင်းသကြားဓာတ် သကြားပါဝင်မှု မြင့်မားသည်ဟု ထင်ရသော်လည်း ခန္ဓာကိုယ်မှ စုပ်ယူမှုနည်းပါးသည့် FOS (Fructooli gosaccharides) ဓာတ်ကြောင့် ကယ်လိုရီ အလွန်နည်းသည်။ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းရှိ ကောင်းသောဗက်တီးရီးယားများ Probiotic အတွက် အစာဖြစ်စေသော Prebiotics အရင်းအမြစ်ဖြစ်သည်။

အူလမ်းကြောင်းရှိ အကျိုးပြု ဗက်တီးရီးယားများကို အားပေးပြီး အင်ဆူလင်တုံ့ပြန်မှုကို ကောင်းမွန်စေသောကြောင့် ဆီးချိုဝေဒနာရှင်များအတွက် စားသုံးရန်သင့်လျော်သည်။ သဘာဝအတိုင်း သွေးချို/ဆီးချိုသကြားဓာတ်ကို ကျစေ သော အာနိသင်ရှိသည်။ ဆီးချိုဆေး ပြင်းပြင်းထန်ထန် သောက်နေရသောသူများ ယာကွန်ဥ အလွန်အကျွံစားမိပါက သွေးတွင်းသကြားဓာတ် ပုံမှန်ထက်ပို ကျသွားခြင်း ( Hypoglycemia) ဖြစ်နိုင်သည်။ ဝမ်းချုပ်ခြင်းကိုလည်း ကာကွယ်ပေးပြီး အူလမ်းကြောင်းကျန်းမာရေးကို မြှင့်တင်ပေးသည်။ ကယ်လိုရီနည်းပါးခြင်းနှင့် အမျှင်ဓာတ်ကြွယ်ဝခြင်းကြောင့် ဗိုက်ဆာခြင်းကို ထိန်းချုပ်ပေးနိုင်ပြီး ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် အစာစားချင်စိတ်ကို လျှော့ကျစေသည့် သဘာဝ ဖြည့်စွက်စာလည်းဖြစ်သည်။

**Source: Gemini**



# မကွေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲမျိုးစုံနှင့် နှမ်းဈေးနှုန်း ဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက်စသည့်ကျေးရွာများနှင့် မင်းဘူး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ အခြား ပဲမျိုးစုံနှင့် နှမ်းမျိုးစုံတို့ မကွေးဈေးကွက်သို့ ဝင်ရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

**နှမ်း**

၂၀၂၆ ခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်တွင် နှမ်းနီ တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၂၈၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၅၀၀၀၀၊ နှမ်းညိုကျား တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀ ဖြစ်၍ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက နှမ်းဖြူ ကျပ် ၁၀၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်နှမ်းများမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ နှမ်းအိတ်ရေ ၅၀၀၊ ရန်ကုန်မြို့သို့ နှမ်းအိတ်ရေ ၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန်၁၁၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ကုလားပဲ**

ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၇၉၀၀၀၊ ကုလားပဲ 929 တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကုလားပဲ (HL) ကျပ် ၅၅၀၀ ဈေးကျပြီး ကုလားပဲ 929 ကျပ် ၅၀၀ ဈေးတက်ခဲ့ကြောင်း၊ ဒေသတွင်း ကုလားပဲစိုက်ပျိုး ရာသီချိန်ဖြစ်၍ အရောင်းအဝယ် အေးနေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ အိတ်ရေ ၅၀၀၊ ရန်ကုန်မြို့သို့ အိတ်ရေ ၁၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ပဲလွမ်းဝါ**

ပဲလွမ်းဝါ တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ အိတ်ရေ ၁၀၀၀၊ ရန်ကုန်မြို့သို့ အိတ်ရေ ၂၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၆၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။


**မတ်ပဲ**

မတ်ပဲ တစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၇၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကျပ် ၆၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဒေသတွင်း ပဲစင်းငုံအသစ်များ လှိုင်လှိုင်ထွက်ရှိနေပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၅၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**



# ရွှေဘိုမြို့၏ ပဲမျိုးစုံဈေးကွက် အခြေအနေ

ရွှေဘိုမြို့ဈေးကွက်အတွင်းဖြစ်ပေါ် နေသော ဇန်နဝါရီ စတုတ္ထပတ် ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ရွှေဘိုမြို့ဈေးကွက်အတွင်း ဇန်နဝါရီလ စတုတ္ထပတ်တွင် ရောင်းချသည့် ကုလားပဲဆန်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၈၀၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၂၈၀၀၀ ဖြစ်ပြီး အရောင်းအဝယ် ပုံမှန်ရှိနေသည်။

ကုလားပဲဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၆၀၀၀နှင့် တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြစ်သည်။ စားတော်ပဲဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၇၅၀၀ နှင့် တစ်တင်းလျှင် ကျပ်၁၂၀၀၀၀ဖြစ်သည်။ စားတော်ပဲရေစိမ်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၄၀၀၀ ဖြစ်သည်။

ဇန်နဝါရီလစတုတ္ထပတ်တွင် ဒေသထွက် ပဲကျားအသစ်များ စတင် ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၉၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၅၂၀၀၀ ဖြစ်သည်။ ထို့အပြင် ပုဂံပဲအသစ်များလည်း စတင်ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီလစတုတ္ထပတ်တွင် ရောင်းချသည့် ပုဂံပဲအသစ်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၉၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၅၂၀၀၀ ဖြစ်သည်။

ဒီဇင်ဘာလကုန်ပတ်မှစတင်၍ ပဲလွမ်းပြာအသစ်များ စတင်ဝင်ရောက်ခဲ့ပြီး ဇန်နဝါရီလ စတုတ္ထပတ်တွင် ရောင်းချသည့် ပဲလွမ်းပြာဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၅၆၀၀ နှင့် တစ်တင်းလျှင် ကျပ် ၈၉၆၀၀ဖြစ်သည်။

အလားတူ နိုဝင်ဘာလကုန်မှ စတင်၍ ရွှေဘိုဈေးကွက်သို့ ပဲလွမ်းဖြူ ဝင်ရောက်ခဲ့ပြီး ဇန်နဝါရီလ စတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ပဲလွမ်းဖြူ တစ်ပြည်လျှင် ကျပ် ၆၀၀၀ နှင့် တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြစ်သည်။

ဇန်နဝါရီ စတုတ္ထပတ်တွင် ဒေသထွက် တရုတ်ပဲကြီးအသစ်များ စတင်ဝင်ရောက်လျက်ရှိပြီး တရုတ်ပဲကြီးအသစ်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၁၇၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၂၈၀၀၀၀ ဖြစ် သည်။ ထို့အပြင် ဒေသထွက်ပဲဖြူပြားအသစ်များ စတင်ဝင်ရောက်ခဲ့ပြီး ပဲဖြူပြားအသစ်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဖြစ်သည်။

ပဲဈေးနှုန်းများမှာ ဇန်နဝါရီလအတွင်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေကြောင်း သိရသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

### ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ပါ သတ်မှတ် ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ပို့ကုန်လိုင်စင်လျှောက်ထားမှုများကို အချက်အလက်ပြည့်စုံစွာတင်ပြလာပါက Automatic Licensing စနစ်ဖြင့် အလိုအလျောက်ခွင့်ပြုခြင်း၊ Non-Automatic Licensing စနစ်ဖြင့် လျှောက်ထားမှုများကို ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုကော်မတီက စိစစ်ပြီး ရုံးဖွင့်ရက်များ၌ ၂၄ နာရီအတွင်း ခွင့်ပြုခြင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝ မှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

### ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် Myanmar Tradenet 2.0 စနစ်မှ လျှောက်ထားလာသော ပို့ကုန်လိုင်စင်များကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝ မှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေလျှော့ပေးထားပြီးဖြစ်ရာ သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေးဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

### သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ လျှောက်ထားသည့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများ၏ သက်တမ်းကို ရက်ပေါင်း ၁၈၀ သတ်မှတ်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ရောင်းဝယ်ခြင်းလုပ်ငန်း(Trading) ဆောင်ရွက်ရန် တင်သွင်းမှုများအတွက် လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုလျှင် ကုန်ပစ္စည်းအမျိုးအစားတူညီပါက ပြက္ခဒိန်တစ်လအတွင်း တစ်စောင်သာ လျှောက်ထားရန်နှင့် အဆိုပါတစ်စောင်ကိုသာ အတည်ပြုခွင့်ပြုသွားမည် ဖြစ်ကြောင်းနှင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာ သက်တမ်းရက်ပေါင်း ၁၈၀ ကျော်လွန်သည့် လျှောက်ထားမှုများကို Myanmar Tradenet 2.0 စနစ်မှ ပယ်ဖျက်ခြင်း (Auto Cancel) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသိပေးကြေညာချက်(၄/၂၀၂၅) ဖြင့် အသိပေးထုတ်ပြန်ထားရှိပါသည်။

၂။ သို့ဖြစ်ပါ၍ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များအတိုင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ဟသ်ာတ ကုန်စည်ဒိုင်တွင် ပြည်ပပို့ကုန် မတ်ပဲအသစ်များ စျေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်တွင် မိုးစပါး ရိတ်သိမ်းပြီးချိန်၌ သီးထပ်အဖြစ် ပဲမျိုးစုံကို စိုက်ပျိုးကြပြီး ပြည်ပပို့ကုန်တစ်မျိုးဖြစ်သော ဆောင်းသီးနှံမတ်ပဲကို အများဆုံး စိုက်ပျိုးကြသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သီးထပ်ရာသီတွင် မတ်ပဲစိုက်ဧက ၂၆၀၀၀၀ ကျော်စိုက်ပျိုးခဲ့ပြီး အောက်တိုဘာလ ပထမသီတင်းပတ်တွင် စတင်စိုက်ပျိုးသော မတ်ပဲသီးနှံများသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ တတိယသီတင်းပတ်တွင် စျေးကွက်ဝင်ရောက်လာကာ ဟသ်ာတကုန်စည်ဒိုင်တွင် နေ့စဉ် မတ်ပဲအိတ် ၄၀၀၀ မှ ၅၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇန်နဝါရီလ နောက်ဆုံးပတ်တွင် မတ်ပဲတစ်တင်းစျေးနှုန်းမှာ ကျပ် ၉၂၀၀၀ စျေးပေါက်လျက်ရှိသည်။ မတ်ပဲ တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ ၁၅ တင်းခန့်ထွက်ရှိပြီး တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၇ သိန်း ဝန်းကျင်ရှိသည့်အတွက် မတ်ပဲစိုက်တောင်သူတို့အနေဖြင့် တစ်ဧကလျှင် ကျပ် ခုနစ်သိန်းဝန်းကျင်ခန့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင် (ဟသ်ာတ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ .၁ . ၂၀၂၆ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | TCI ARJUN | ကုန်သေတ္တာ ၃၅၀တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | BAL XIAMEN | ကုန်သေတ္တာ ၆၄၅ တင် ၉၇၉ ချဆဲ |
| | SINAR BINTAN | ကုန်သေတ္တာ ၈၇၂ တင် ၈၉၇ ချဆဲ |
| | CHANA BHUM | ကုန်သေတ္တာ ၇၂၀တင် ၇၂၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | PELICAN | ကုန်သေတ္တာ ၈၇၈ တင် ၉၅၀ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | HUI SHUN NO-1 | ပြောင်းဖူး (In Bulk)၂၀၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၃) | HTK LUCKY | ပြောင်းဖူး (In Bulk)၂၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | MOON LIGHT | ကုန်သေတ္တာ၃၀တင်ရန်ရှိ(အလုပ်မလုပ်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | Ti2 APPLE | ကုန်သေတ္တာ၃၀၇ တင် ၃၀၃ချဆဲ( ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | CD FORTUNE | ပြောင်းဖူးတန်ချိန် ၁၃၅၀၀ တန်တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | TRANG AN 05 | ဆန်တန်ချိန် ၁၀၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | SEAGULL LUCKY | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | CHANA BHUM | ကုန်သေတ္တာ၂ တင်၁၄၇ချရန် (ပူးတွဲလုပ်ဆောင်) |
| | SITC CHANGMING | ကုန်သေတ္တာ၉၅၈ တင် ၂၅၉ချရန် (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | UNIVERSE RELIANCE | Steel တန်ချိန် ၂၅၃၄၄ချရန် |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | KANG YAO | Steel&Equipment တန်ချိန် ၄၀၂၆၃ ချရန် |
| WILMAR JETTY | VIMC HARMONY | ပြောင်းဖူး ၁၉၀၀၀ တင်ရန် |
| သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | SEA HERO | Steel&Vehicle တန်ချိန် ၂၂၄၀၂ ချရန် |
| International Bulk Terminal Thilawa-IBTT | BBC URANUS | ဂျုံတန်ချိန် ၂၀၇၇၀ ချရန် |
| Myanmar Five Star Ltd(MFSL) | CITRA | G&C တန်ချိန် ၁၉၀၀ ချရန်(အလုပ်မလုပ်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BBC URANUS | Wheat(In Bulk),တန်ချိန် ၂၀၇၇၀ တန်ချရန် | IBTT | ၂၈.၁.၂၀၂၆ |
| CD FORTUNE | ပြောင်းဖူး (In Bulk),တန်ချိန် ၁၃၅၀၀၀ တန်တင်ရန် | SPW | ၂၈.၁.၂၀၂၆ |
| HUI SHUN NO-1 | ပြောင်းဖူး (In Bulk),တန်ချိန် ၂၀၀၀၀ တန်တင်ရန် | AIPT | ၂၉.၁.၂၀၂၆ |
| DUBAI OCEAN | ဂျုံတန်ချိန် ၂၂၀၀၀ ချရန် | AUSTRALIA | ၂၈.၁.၂၀၂၆ |
| TRANG AN -05 | ဆန်တန်ချိန် ၁၀၀၀၀ တင်ရန် | PHILIPPINES | ၂၇.၁.၂၀၂၆ |
| DS PROSPERITY-7 | Steel တန်ချိန် ၃၈၈၁ ချရန် | CHINA | ၂၇.၁.၂၀၂၆ |
| DS PROSPERITY | Steel တန်ချိန် ၃၈၈၁ ချရန် | CHINA | ၂၇.၁.၂၀၂၆ |
| THAI BINH -02 | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တင်ရန် | THAI | ၁.၂.၂၀၂၆ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BAL XIAMEN | BLPL FAITH | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁.၂၀၂၆ |
| TCI ARJUAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁.၂၀၂၆ |
| SITC CHANGMING | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၁.၂၀၂၆ |
| FSL KELANG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁.၂၀၂၆ |
| AREZOO | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၁.၂၀၂၆ |
| SITC CEBU | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၉.၁.၂၀၂၆ |
| SITC MINGCHENG | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၀.၁.၂၀၂၆ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁.၂၀၂၆ |

### ၁-၁-၂၀၂၆ မှ ၂၉-၁-၂၀၂၆ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1619 | 27 | - | - | - | 1646 |
| | Form AANZ | 28 | - | - | - | - | 28 |
| | Form AHK | 3 | 1 | - | - | - | 4 |
| | Form AI | 360 | - | - | - | - | 360 |
| | Form AJ | 95 | 1 | - | - | - | 96 |
| | Form AK | 503 | 5 | - | - | - | 508 |
| | Form CHINA | 233 | - | - | - | - | 233 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 31 | - | - | - | - | 31 |
| | Form E | 1580 | 30 | - | - | - | 1610 |
| | Form Korea | 62 | - | - | - | - | 62 |
| | E Form D | 597 | - | - | - | - | 597 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 5111 | 64 | - | - | - | 5175 |

# သီးနှံများ အခြောက်ခံဖို့ နေရောင်ခြည်စွမ်းအင်သုံး Solar Dryer Dome အား အသုံးပြုပါစို့

ဇော်မင်းလတ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ရှေးယခင်ကပင် လယ်တွင်းကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဆည်၊မြောင်း၊ ကန်၊ချောင်းများတည်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ခရိုင်အတွင်း အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ကြက်သွန်၊ဝါ၊နနွင်း စသည့်သီးနှံများဖြစ်သည်။

၎င်းသီးနှံများအနက် ကျောက်ဆည်ခရိုင်မှ ထွက်ရှိသော ကြက်သွန်၊ ဝါနှင့်ငရုတ်သီးနှံများမှာ ဈေးကွက် အတွင်း ဝယ်လိုအားကောင်းသော သီးနှံများအဖြစ် ထင်ရှားသည်။ စိုက်ပျိုးထွက်ရှိလာသော သီးနှံများအား ယခင်က မိရိုးဖလာ နေရောင်ခြည်ကို အသုံးပြုပြီး နေလှန်းအခြောက်ခံကာ မန္တလေးမြို့နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ သီးနှံပွဲရုံများသို့ ရောင်းချကြသည်။ သီးနှံများအား နေရောင်ခြည်ကို အသုံးပြုပြီး နေလှန်းအခြောက်ခံရာတွင် ခုနစ်ရက်ခန့် ကြာမြင့်ပြီး အများစုမှာ ပြည်သူများသွားလာရာ ကတ္တရာလမ်းမပေါ်နှင့် ကွင်းပြင် ကျယ်များတွင် နေလှန်းရသဖြင့် ထွက်ရှိလာသော သီးနှံမှာအရောင် မညီခြင်း၊ အစိုဓာတ်မညီခြင်း၊ သန့်ရှင်းမှု အားနည်းခြင်း၊ အစိုဓာတ်ကြောင့် အယ်လဖာတော့ပ်ဆင် မှိုဆိပ်ဖြစ်ပေါ်နိုင်ခြင်း စသည့် အားနည်းချက်များကြောင့် တောင်သူများမှာ ဈေးကောင်းမရရှိခြင်းနှင့် စားသုံးသူပြည်သူများမှာ လည်းဘေးကင်းလုံခြုံမှု မရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

ယခုအချိန်တွင် ခေတ်စနစ်များ တိုးတက်လာသောကြောင့် ဒေသတွင်းလုပ်ငန်းရှင်များမှာ ယခင်သီးနှံများအား သဘာဝအတိုင်း နေလှန်းအခြောက်ခံရာမှ ယခုအချိန်တွင် Solar Dryer Dome တို့ဖြင့် သီးနှံများကို နေလှန်းအခြောက်ခံခြင်းလုပ်ငန်းများ လုပ်ကိုင်လာကြသည်။ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် Solar Dryer Dome အား မြစ်သားမြို့နယ် ကူမဲမြို့ရှိ စက်ရုံမှ Solar Dryer Dome ငရုတ်၊ ကြက်သွန်(အဖြူ/နီ) သီးနှံများကို အခြောက်ခံကာ အမှုန့်များပြုလုပ်ပြီး ဈေးကွက်အတွင်းသို့ ဖြန့်ချိရောင်းချလျက်ရှိသည်။ ၎င်းကိရိယာ၌ မီးဖိုချောင်သုံးသီးနှံမျိုးစုံအား အခြောက်ခံနိုင်ကြောင်း Solar Dryer Dome ၏ နည်းပညာပိုင်းအနေဖြင့် Green House Effect အား သုံးစွဲထားကြောင်း၊ Solar Dryer Dome အမိုးပြား PC Sheet သည် နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်နှင့် အနီအောက်ရောင်ခြည်တို့ကို ကာကွယ်ပေးထားသဖြင့် သီးနှံများ၏ မူလအရောင်အသွေး ပျက်စီးမှုမရှိဘဲ နေရောင်ခြည်၏ အပူချိန်အား ငါးဆမြင့်တက်စေကြောင်း၊ လုပ်သားများ ဝင်ရောက်လုပ်ကိုင်ရာတွင် အန္တရာယ်မရှိနိုင်ကြောင်း၊ ငရုတ်သီး၊ အသားခြောက်၊ လက်ဖက်၊ ချဉ်ပေါင်၊ နနွင်း စသည့် အခြားစားသောက်ကုန်ပစ္စည်းများကို သန့်ရှင်းစွာခြောက်သွေ့စေသည့် စနစ်တစ်ရပ်ဖြစ်ကြောင်း၊ ထုတ်ကုန်များကို လေဆိုး၊ ဖုန်မှုန့်၊ ပိုးမွှားများကပ်ငြိခြင်းမရှိဘဲ သန့်ရှင်းစွာခြောက်သွေ့စေနိုင်ကြောင်း၊ Solar Dryer Dome တစ်ခုလျှင် အလျား ပေ ၆၀၊အနံ ပေ ၄၀ ရှိပြီး ငရုတ်သီးနှံများ လှန်းပါက ပိဿာ ၄၀၀၀ ခန့်နှင့် ကြက်သွန်(အဖြူ/နီ)ဆိုပါက ပိဿာ ၁၂၀၀ ခန့်ဆံ့ကြောင်း၊ နေလှန်းအခြောက်ခံပါက သုံးရက်ခန့်သာကြာသည့်အတွက် သီးနှံများအား အချိန်တိုအတွင်း ခြောက်သွေ့ စေကြောင်း၊ ထိုသို့ခြောက်သွေ့ရာတွင် နေရောင်ခြည်တိုက်ရိုက်မထိသဖြင့် သီးနှံများ အရောင်မပျက်၊ အနံ့အရသာပြောင်းလဲခြင်းမရှိဘဲ အရည်အသွေးမြင့် ထုတ်ကုန်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်းသိရသည်။

Solar Dryer Dome သုံး စက်ရုံတွင် ငရုတ်၊ ကြက်သွန်သီးနှံများအား အဆိုပါ အခြောက်ခံကိရိယာဖြင့် အမှုန့်များပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိရာ အမှုန့်ကြိတ်စက်လေးလုံးမှ တစ်ရက်လျှင် ငရုတ်သီးအခြောက် ပိဿာ ၂၀၀၀ ခန့် အမှုန့်ကြိတ်ပြီး ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပနိုင်ငံသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် ဒေသတွင်းမှ ငရုတ်သီးများ စတင်ထွက်ပေါ်လျက်ရှိသည်။ ကျောက်ဆည်ခရိုင်အတွင်းသာမက ဧရာဝတီတိုင်းဒေသကြီး၊ အောင်ပန်း၊ ပခုက္ကူ၊ ပျော်ဘွယ်၊ မိတ္ထီလာဒေသတောင်သူများမှာ ယခင်က သီးနှံများအား နေရောင်ခြည်ဖြင့် အခြောက်ခံပြီး ဈေးကွက်ရှိရာသို့ သွားရောက်ရောင်းချသဖြင့် အချိန်ကုန်ပြီး ကုန်ကျစရိတ်များကြောင်း၊ ယခုအခါတွင် စိုက်ခင်းထဲမှထွက်ရှိသော သီးနှံများအား နေလှန်းအခြောက်ခံခြင်းမရှိဘဲ သီးနှံအစိုအား တိုက်ရိုက်ရောင်းချသောကြောင့် ကုန်ကျစရိတ်နည်းပြီး တောင်သူများအတွက် တွက်ခြေကိုက်ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း အဆိုပါ Solar Dryer Dome ကို လုပ်ငန်းရှင်များမှ တပ်ဆင်အသုံးပြုလျက်ရှိသည်။ စိုက်ပျိုးရေးထွက်ကုန် အသီးအနှံများအပြင် အစာအာဟာရထုတ်ကုန်များ၊ ငါးခြောက်၊ အသားခြောက် စသည်များကို Solar Dryer Dome ဖြင့် အသုံးပြု အခြောက်ခံနိုင်ပြီး သန့်ရှင်းသော၊ မှိုဆိပ်ကင်းသော၊ အစိုဓာတ်ပါဝင်မှုနည်းသော ကုန်ပစ္စည်းများကိုရရှိပြီး ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရုံသာမက ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သော သီးနှံများကို သုံးစွဲနိုင်မှာဖြစ်သည့်အတွက် သီးနှံများအား နေရောင် ခြည်စွမ်းအင်သုံး Solar Dryer Dome ကိရိယာအား အသုံးပြုသင့်ကြောင်း ရေးသားလိုက်ရပါသည်။

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၈-၁-၂၀၂၆ မှ ၃-၂-၂၀၂၆) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 295 - 305 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 275 - 285 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 325 - 335 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 325 - 330 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 305 - 315 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 330 - 335 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 445 - 455 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 435 - 445 | |
| 24 | A-1 , 2 (Sortexed) | 300 - 310 | |
| 25 | B-1 , 2 (Sortexed) | 280 295 | |
| 26 | B-1,2 (Non-Sortexed) | 265 - 275 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ရောင်းသူနဲ့ ဝယ်သူတို့ ယုံကြည်မှုတိုးပွားဖို့ https://www.ecomreg.gov.mm/ မှာ Online Sale မှတ်ပုံတင်ကြစို့

ယနေ့ မျက်မှောက်ကာလသည် IT ခေတ်ဖြစ်သဖြင့် စားသုံးသူများအနေဖြင့် မိမိလိုအပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကိုယ်တိုင်သွားရောက်ဝယ်ယူရန် မလိုအပ်တော့ဘဲ ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ဝယ်ယူနိုင်ကြပြီဖြစ်ရာ လွယ်ကူမြန်ဆန်အဆင်ပြေသည့် အကျိုးကျေးဇူးများစွာရှိသကဲ့သို့ မလုံခြုံသည့် လိမ်လည်ခံရမှုများနှင့်လည်း ပြည့်နှက်လျက်ရှိနေသည်။




စားသုံးသူပြည်သူများ အနေဖြင့် Online မှ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူအသုံးပြုရာတွင် ကြိုတင်ငွေပေးချေပြီးနောက် ပစ္စည်းလက်ခံရရှိမှု မရှိခြင်း၊ ကြော်ငြာသည့်ကုန်စည်နှင့် ရောက်ရှိလာသည့် ကုန်စည် အရည်အသွေးကွဲလွဲခြင်း၊ မြေပြင်တွင် အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု မရှိခြင်း၊ တာဝန် ယူမှု/တာဝန်ခံမှုနှင့် အာမခံချက်များ မရှိခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေရသကဲ့သို့ မှန်ကန်စွာဆောင်ရွက်သည့်လုပ်ငန်းရှင်များအနေဖြင့်လည်း စားသုံးသူများ၏ သံသယနှင့် မယုံကြည်မှုများကို ခံစားနေကြရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပြီး စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရန်ဟူသော အချက်သည် စားသုံးသူအခွင့်အရေး(၈)ချက်တွင် တစ်ချက်အပါအဝင်ဖြစ်ရာ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း Online Sale မှတ်ပုံတင်ထားသည့် လုပ်ငန်းများသည် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နေခြင်း ရှိ/ မရှိနှင့် အထောက်အထား အချက်အလက်များ မှန်ကန်ကိုက်ညီမှု ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိနေသည်။ စားသုံးသူများအနေဖြင့် Online မှ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူအသုံးပြုရာတွင် လိမ်လည်ခံရမှုမရှိစေရေးအတွက် မိမိဝယ်ယူမည့် Online Shop သည် Online Sale မှတ်ပုံတင်ထားခြင်း ရှိ/မရှိ eComReg System Website တွင် ဝင်ရောက်ကြည့်ရှု၍ ဝယ်ယူနိုင်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းကို Online Sale မှတ်ပုံတင်ထားခြင်းဖြင့် တရားဝင်လုပ်ငန်းအဖြစ် ကြော်ငြာနိုင်ခြင်း၊ စားသုံးသူများ၏ယုံကြည်မှု ရရှိစေနိုင်ခြင်းတို့ကြောင့် ဈေးကွက်သစ်များ ပိုမိုချဲ့ထွင်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရောင်းသူနဲ့ဝယ်သူတို့ ယုံကြည်မှုတိုးပွားဖို့ https://www.ecomreg.gov.mm/ မှာ Online Sale မှတ်ပုံတင်ကြစို့ဟု အသိပေး တိုက်တွန်းလိုက်ရပါသည်။

DOCA (တောင်ကြီး)

# ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်နှင့် ဆန်စီးထွက်မှု

ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးအများဆုံး စိုက်ပျိုးလျက်ရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး နှစ်စဉ် မိုး၊ နွေစပါးစိုက်ဧက ၅၂သိန်းကျော်စိုက်ပျိုးလျက်ရှိသည်။ ထွက်ရှိလာသောစပါးများကို ဆန်ကြိတ်ခွဲထုတ်လုပ်၍ ဒေသတွင်းစားသုံးမှု၊ ဖူလုံရုံသာမက ပိုလျှံသည့်ဆန်များကို ပြည်ပဈေးကွက် တင်ပို့ရောင်းချခြင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့လည်း လစဉ်တင်ပို့ရောင်းချလျက်ရှိသည်။



ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များတွင် လူနည်းစု စားသုံးလျက်ရှိသော ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီထွက် စပါးဈေးနှုန်းမှာ ဇန်နဝါရီလအတွင်း ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၆ သိန်းမှ ၂၈ သိန်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင်ကျပ် ၁၂၄၀၀၀ - ၁၁၅၀၀၀ ဈေးနှင့် ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များတွင် လူအများစားသုံးမှုရှိသော ဧည့်မထစပါး တင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကျပ် ၄၇၀၀၀၊ ကျပ် ၅၂၀၀၀ ဈေးဖြင့် ဒေသတွင်းနှင့် ရန်ကုန်အထက်အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြို့နယ် တစ်ခုနှင့်တစ်ခု ဈေးကွက်ဖွံ့ဖြိုးမှုဝယ်လိုအား စပါး၊ ဆန် အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် ကွာခြားမှုရှိပြီး အရောင်းအဝယ်ဖြစ်နေကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်အများစုတွင် ပေါ်ဆန်းစပါး စိုက်ပျိုးမှုမရှိဘဲ မိုးဧည့်မထစပါးများသာ အဓိက စိုက်ပျိုးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီထွက် စပါးဈေးနှုန်းမှာ ဇန်နဝါရီလအတွင်း ဧည့်မထစပါးဈေး တင်း ၁၀၀ လျှင် ကျပ် ၁၂သိန်း၊ ၁၃ သိန်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ဇန်နဝါရီလတွင် ကျပ် ၅၀၀၀၀၊ ကျပ် ၅၂၀၀၀ ဖြစ်သည်။

မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် ထွက်ရှိသော စပါးဈေးနှုန်းမှာ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၃ သိန်း - ၂၄သိန်းဝန်းကျင်၊ ဆန် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ - ၁၂၀၀၀၀ နှင့် အရောင်းအဝယ်ဖြစ်နေပြီး အဆိုပါမြို့နယ်များတွင် မိုးဧည့်မထစပါးတင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်း၊ ၁၃ သိန်းဝန်းကျင် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ခန့်ဈေးဖြင့် ပုံမှန်ရောင်းဝယ်လျက်ရှိသည်။

မအူပင်ခရိုင် မအူပင်မြို့တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် ထွက်ရှိသော စပါးဈေးနှုန်းမှာ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၄ သိန်းဝန်းကျင် ဆန်တစ်အိတ်လျှင်ကျပ် ၁၁၅၀၀၀ ဈေးနှင့် မိုးဧည့်မထစပါးဈေးနှုန်းမှာ တင်း၁၀၀ လျှင် ကျပ် ၁၂သိန်း၊ ၁၃သိန်း ဝန်းကျင်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀- ၅၁၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် ထွက်ရှိသော စပါးဈေးနှုန်းမှာ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၃ သိန်း၊ ၂၄ သိန်းဝန်းကျင်ရှိသည်။ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀-၁၁၀၀၀၀ ဈေးနှင့် ရောင်းဝယ်လျက်ရှိပြီး ဧည့်မထစပါး တင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်းဝန်းကျင်ဈေးနှင့် ဆန်တစ်အိတ် ကျပ် ၄၇၀၀၀-၄၅၀၀၀ ဖြစ်သည်။

**မင်းမင်းဦး(ပသ)**

# ဆောင်းရာသီ သီးနှံများ ဈေးကွက်သို့ စုံလင်စွာဝင်ရောက်

ရာသီပေါ် သီးနှံများမှာ ရှမ်းပြည်နယ်ထွက် လိမ္မော်သီးများ လှိုင်လှိုင်ပေါ်ထွက်ပြီး နေပြည်တော်ဈေးကွက်သို့ ရောက်ရှိလာပြီဖြစ်ပြီး ဖရဲသီးနှင့် သခွားမွှေးသီးများမှာ အောက်မြန်မာပြည်နှင့် မြစ်ဝကျွန်းပေါ် ဒေသများတွင် စတင်ထွက်ရှိနေပြီဖြစ်သည်။ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ဗမာဆီးသီးများလည်း ပေါများသည့်ရာသီဖြစ်သည်။ ရာသီပေါ် ဟင်းသီးဟင်းရွက်များလည်း အလွန်ပေါများပြီး ဈေးနှုန်းသက်သာကာ လတ်ဆတ်သောအချိန်ဖြစ်သည်။ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များသည်လည်း ဆောင်းရာသီ၏ အဓိကသီးနှံများဖြစ်ပြီး အချိုဆုံးအချိန်ဖြစ်သည်။ အင်းလေးနှင့် အညာဒေသထွက် ခရမ်းချဉ်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သကဲ့သို့ မုန်လာဥနီနှင့် မုန်လာဥဖြူတို့လည်း ပေါများသည်။ ပဲတောင့်ရှည်နှင့် ကုလားပဲများကိုဈေးကွက်တွင် အလွယ်တကူ ရနိုင်သည်။

အခြား အဓိကသီးနှံများဖြစ်သော မြေပဲနှင့် နှမ်းများ ရိတ်သိမ်းပြီးကာစအချိန်ဖြစ်၍ မြေပဲဆုံဆီသန့်များ ရနိုင်သောအချိန်ဖြစ်သည်။ နေကြာပန်းများ ပွင့်ရုံသာမက နေကြာစေ့များလည်း စတင်ထွက်ရှိပြီဖြစ်သည်။ သို့ဖြစ်၍ ဆောင်းရာသီကာလသည် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံ ထွက်ပေါ်ပြီး ဈေးကွက်သို့ စုံလင်စွာ ဝင်ရောက်လာသည့်အတွက် စားသုံးသူများစိတ်ကြိုက် ရွေးချယ်ဝယ်ယူ စားသုံးကြကြောင်း သိရသည်။

**တင်စိုးနိုင်(နေပြည်တော်)**



# ပြည်ခရိုင်၏ ဈေးငြိမ်နေသော ဆန်/စပါးဈေးကွက်

ပြည်ခရိုင်အတွင်း အများဆုံးစိုက်ပျိုးသော စပါးအမျိုးအစားများမှာ ကရင်မ၊ မော်ဘီ၊ GW11၊ ထိုင်းနံ့ကောက်၊ ကျောက်ရွှေးစပါး၊ အင်းမ စသည့် ဧည့်မထစပါးမျိုးများဖြစ်သည်။ ၂၀၂၅-၂၀၂၆ ခုနှစ်တွက် ပြည်ခရိုင်တွင် ၂၂၆၄၉၇ ဧကစိုက်ပျိုးနိုင်ခဲ့သည်။

ပြည်ခရိုင်အတွင်းရှိ ပြည်၊ ရွှေတောင်၊ ပေါက်ခေါင်း၊ ပန်းတောင်း မြို့နယ်များထဲမှ ရွှေတောင်မြို့မှ ထွက်ရှိသော စပါးမျိုးသည် အမျိုးအစားကောင်းသည့်အတွက် ဈေးကောင်းရရှိသည်။ စပါးစတင်ပေါ်ချိန်တွင် စပါးတင်း ပေါင် ၅၀ တင်း ၁၀၀ လျှင် အစိုဓာတ် ၄၀ ရာခိုင်နှုန်းဖြင့် ကျပ် ၁၃၅၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိပြီး ၂၀၂၆ ခုနှစ်စပိုင်းတွင် ပေါင် ၅၀ တင်း ၁၀၀ ဈေးမှာ ကျပ် ၁၄၅၀၀၀၀ ဖြင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်အထိ ဈေးငြိမ်နေသည်။

ဆန်ဈေးနှုန်းများအနေဖြင့် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အင်းမဆန် (အဟောင်း) တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ကျောက်ရွှေးဆန်အဟောင်းမှာ ကျပ် ၇၀၀၀၀၊ မနောသုခ အဟောင်း တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ရှိနေပြီး ဆန်အသစ်ဈေးမှာ အင်းမဆန် တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ မော်ဘီဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ ကျောက်ရွှေးဆန် တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ မနောသုခအသစ် တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ ဖြစ်သည်။ ဆန်ကွဲဈေးနှုန်းများမှာ EXTRA တစ်အိတ်လျှင် ကျပ် ၄၂၀၀၀၊ (234) တစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ ဆန်ကွဲ(၁၂)တစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ဖွဲနုတစ်ပေါင်လျှင် ကျပ် ၃၈၀ ဖြင့် အရောင်းအဝယ်ရှိသည်။

ပြည်ခရိုင်မှ ဆန်စီးထွက်မှုအနေဖြင့် ၂၀၂၅ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်သို့ အိတ် ၁၅၀၀၀၊ မန္တလေးတိုင်းဒေသကြီးသို့ အိတ် ၂၄၆၈၊ တောင်ကြီးသို့ အိတ် ၇၂၀၊ မကွေးတိုင်းဒေသကြီးသို့ အိတ် ၁၈၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**လွင်လွင်ဆန်း (ပြည်)**

၂၃.၁.၂၀၂၆ ရက်နေ့မှ ၂၉.၁.၂၀၂၆ ရက်နေ့အထိ စားအုန်းဆီတစ်ပိဿာအရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1085 |
| ငွေလဲနှုန်း | 3272 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,437,650 | 7.25 |
| ၂ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 113,925,000 | 186.03 |
| ၄ | MITS စစ်ဆေးခ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၅ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 2.5 x ငွေလဲနှုန်း | 8,180,000 | 13.36 |
| ၆ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 400 | 400,000 | 0.65 |
| ၇ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| | **အထွေထွေစရိတ်ပေါင်း** | | **170,009,950** | **277.62** |
| ၈ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,550,120,000** | **5,797.16** |
| | **စရိတ်စုစုပေါင်း** | | **3,720,129,950** | **6,074.77** |

# စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 အခမ်းအနားကျင်းပ



မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် South Asia Agri Forum (2026) ကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် South Asia Agri Forum 2026 ကို ကျင်းပပြုလုပ်ခြင်းအားဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေပြီး နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းသစ်များ တိုးပွားလာစေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံသို့ အဓိကထား တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုအပြင် ပြောင်း၊ ရေထွက်ကုန်ပစ္စည်းများ၊ မြေပဲ၊ သစ်နှင့် ရော်ဘာ စသည့်အခြားထုတ်ကုန်များ တင်ပို့လျက်ရှိကြောင်း၊ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ အထောက်အကူပြုစေရေးအတွက် ဆေးဝါးပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အိန္ဒိယနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မူဝါဒနှင့် ASEAN- India စီးပွားရေးမူဘောင်များအရ နှစ်နိုင်ငံစီးပွားရေး အခွင့်အလမ်းများ လွယ်ကူချောမွေ့စေကြောင်း၊ နှစ်နိုင်ငံအကြား ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆန်စပါးတင်ပို့မှု၊ ငွေကြေး၊ ဘဏ်ကိစ္စရပ်များ ပိုမိုအဆင်ပြေချောမွေ့လာစေပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ ပိုမိုလေးနက် ခိုင်မာအားကောင်းလာစေမည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 ကို ရန်ကုန်မြို့ Novotel Hotel ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E Mrs Nidhi Khare၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Abhay Thakur၊ ပြည်ထောင်သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ် ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ Oversea Agro Traders Association (OATA Myanmar) Bharat Subcontinent Agri Foundation (BSAF) တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပဲမျိုးစုံ တင်ပို့ သည့် ကုမ္ပဏီများ၊ ကနေဒါ၊ ဩစတြေးလျ၊ အမေ ရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ နီပေါ၊ ဘင်္ဂလား ဒေ့ရှ်၊ စင်ကာပူ၊ ရုရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တန်ဇန်းနီးယား၊ ယူအေအီးနှင့် ဥရောပသမဂ္ဂမှ နိုင်ငံအချို့အပါအဝင် ပြည်ပလုပ်ငန်းရှင် ၁၆၁ ဦး၊ ပြည်တွင်းရှိ ကောက်ပဲသီးနှံများကို တစိုက်မတ်မတ် ဝယ်ယူပေးနေသည့် ပြည်ပကုန်ဝယ်သူ ၄၆ ဦးနှင့် မြန်မာနိုင်ငံမှ ကောက်ပဲသီးနှံအားစိုက်ပျိုးသည်မှသည် ပြည်ပတင်ပို့သည့် လမ်းကြောင်းတစ်လျှောက် ပါဝင်လုပ်ကိုင်နေသည့် အထူးဖိတ်ကြားထားသူများ၊ ဘဏ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းနှင့် သင်္ဘောလိုင်းများမှ ပြည်တွင်း/ပြည်ပ ပညာရှင်များ စုစုပေါင်း ၄၅၅ ဦး တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် စတုတ္ထအကြိမ်မြောက် South Asia Agri Forum (2026) သို့ တက်ရောက်ရန်လာရောက်သည့် အိန္ဒိယ နိုင်ငံ၊ စားသုံးသူရေးရာ၊ အစားအသောက်နှင့် ဖြန့်ဖြူးရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ Secretary ဖြစ်သူ H.E. Mrs. Nidhi Khare အား ရန်ကုန်မြို့ Novotel Hotel ရှိ အစည်းအဝေးခန်းမ၌ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ ၂၀၂၆ ခုနှစ် နှစ်ဆန်းကာလ တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး၊ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် South Asia Agri Forum (2026) တို့အား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမှာ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မြဲကောင်းမွန်သည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ရှိရင်းစွဲ ကောင်းမွန်သည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်နိုင်ရေး၊ မတ်ပဲနှင့် ပဲစင်းငုံ အပါအဝင် ပဲမျိုးစုံ၊ အခြားဆီထွက်သီးနှံများ၊ ဝါဂွမ်းနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား အိန္ဒိယနိုင်ငံသို့ ပိုမိုတင်ပို့သွားနိုင်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝကောင်းမွန်စေရန်အတွက် နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရူပီး-ကျပ် ငွေပေးချေမှုအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**MOC(IR)**

# နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး၏ ကြိုတင်ညှိနှိုင်းအစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နဝမအကြိမ်မြောက် မြန်မာ - အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ (9th Myanmar-India Joint Trade Committee - JTC) အစည်းအဝေး၏ ကြိုတင်ညှိနှိုင်းအစည်းအဝေး (Preliminary Meeting) ကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ နေပြည်တော် Park Royal Hotel ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မင်းသိုက်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ ဘာသာရပ် တာဝန်ခံ ညွှန်ကြားရေးမှူး Sh. Tariq Thomas ဦးဆောင်၍ သက်ဆိုင်ရာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင် ၅၂ ဦးနှင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုအလားအလာများကိုသုံးသပ်၍ ကုန်သွယ်မှုပမာဏအား ပိုမိုတိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ ဆွေးနွေးခဲ့ကြပြီး အဆိုပါ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ကုန်ပစ္စည်းအမယ်သစ်များ တိုးချဲ့ထုတ်လုပ်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို လွယ်ကူမြန်ဆန်စေခြင်း၊ နယ်စပ်အခြေခံအဆောက်အအုံများကို မြှင့်တင်ခြင်းတို့အပြင် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်နှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ အထူးအခွင့်အရေး (Duty-Free Tariff Preference) အစီအစဉ်တို့ကို အပြည့်အဝ အသုံးချခြင်းတို့မှတစ်ဆင့် ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများတွင် ဆေးဝါးနှင့်တိုင်းရင်းဆေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) နှင့် ဒစ်ဂျစ်တယ်ကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကဏ္ဍတို့တွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအကြား အရေးပါသော သတင်းအချက်အလက်များကို ပုံမှန်ဖလှယ်သွားကြရန်၊ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ခြင်းကို ဆက်လက်ဆောင်ရွက်ကြရန်နှင့် သဘောတူညီထားသည့် လုပ်ငန်းစဉ်များအားလုံးကို အချိန်မီ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုတိုးတက်လာစေခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုကို ပိုမိုမြှင့်တင်နိုင်ပြီး ကဏ္ဍမျိုးစုံတွင် နှစ်ဖက်ပူးပေါင်းခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကျေးဇူး အများဆုံးရရှိစေမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကာ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**MOC(IR)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၈၂၃ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၂၇၇ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်း ရွှေဈေးသည်လည်း ဇန်နဝါရီ ၂၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၁၇၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၂၈ ရက်တွင် ကျပ် ၁၁၁၀၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို MM Market Price page ၏ ရွှေဈေးကွက်အတွင်းမှ တွေ့ရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံ ရှိကြောင်းသိရှိရသည်။

Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာငွေ လဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ် လိုက်၍ ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၂၈ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၀၈၀ မှ ၄၀၃၀ ကျပ်ကြား ရှိနေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၂-၁-၂၀၂၆ | ၂၃-၁-၂၀၂၆ | ၂၆-၁-၂၀၂၆ | ၂၇-၁-၂၀၂၆ | ၂၈-၁-၂၀၂၆ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၁.၃၇၆ | ၃၁.၁၆၂ | ၃၁.၁၀၂ | ၃၁.၀၈၈ | ၃၀.၉၄၂ | -၁.၃၈ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၂၈၄ | ၁.၂၇၉ | ၁.၂၇၀ | ၁.၂၆၉ | ၁.၂၆၀ | -၁.၈၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၀၄၀ | ၄.၀၀၃ | ၃.၉၇၄ | ၃.၉၅၄ | ၃.၉၁၄ | -၃.၁၂ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၈၈၁ | ၁၆၈၁၃ | ၁၆၇၇၃ | ၁၆၇၇၃ | ၁၆၇၀၆ | -၁.၀၃ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၉၆၃ | ၆.၉၆၄ | ၆.၉၅၇ | ၆.၉၅၇ | ၆.၉၄၅ | -၀.၂၆ | ↓ |
| ၇ | Indian Rupee | INR | ၉၁.၆၂၃ | ၉၁.၇၄၃ | ၉၁.၆၆၃ | ၉၁.၇၄၃ | ၉၁.၇၀၃ | ၀.၀၉ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၈.၈၂၅ | ၁၅၈.၂၈၅ | ၁၅၄.၀၃၅ | ၁၅၄.၅၄၅ | ၁၅၂.၄၉၅ | -၃.၉၉ | ↓ |
| ၉ | Australian Dollar | AUD | ၁.၄၇၀ | ၁.၄၆၂ | ၁.၄၄၇ | ၁.၄၄၅ | ၁.၄၂၇ | -၂.၉၃ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၆ | ၀.၈၅၃ | ၀.၈၄၅ | ၀.၈၄၂ | ၀.၈၃၃ | -၂.၆၉ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၅ | ၀.၇၄၁ | ၀.၇၃၃ | ၀.၇၃၁ | ၀.၇၂၄ | -၂.၈၂ | ↓ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဇန်နဝါရီ ၂၈ ရက် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၈၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၂၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၈ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၁ ဖြင့်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈၊ ပေါင်းဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

Thai Rice Exporter Association တွင် ဖော်ပြချက်အရ ဇန်နဝါရီလ တတိယပတ်တွင် ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၆ မှ ၄၂၈၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၁၀ မှ ၄၁၂)၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ မှ ၄၀၅ နှင့် ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၆ မှ ၄၂၈ နှင့် ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ မှ ၃၇၄၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၄၇ မှ ၃၄၈)နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၂ မှ ၃၅၇၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၄ မှ ၃၄၈ ဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၄ မှ ၃၆၀၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ မှ ၃၄၁နှင့် အိန္ဒိယနိုင်ငံတွင် ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၇ မှ၃၅၅ သို့ ဈေးနှုန်းလျော့ကျမှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ နိုင်မှုတွင် ဆန်တန်ချိန် ၁၂၈၇၆၁၂ ဒသမ ၈၂၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၁ ဒသမ ၇၀၀ သန်း၊ ဆန်ကွဲ တန်ချိန် ၁၀၃၄၇၃၅ ဒသမ ၅၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၃. ၇၆၀ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၂၃၂၂၃၄၈ ဒသမ ၃၇၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃၅ ဒသမ ၄၆၀ သန်း ရရှိထားပြီး၊ ယခင်နှစ် ကာလတူတွင် ဆန်တန်ချိန် ၁၃၁၀၆၄၅ ဒသမ ၆၀၅ တန်၊တန်ဖိုး အမေရိကန် ဒေါ်လာ ၆၇၇ ဒသမ ၅၁၁ သန်း၊ ဆန်ကွဲ တန်ချိန် ၈၅၁၉၉၉ ဒသမ ၉၅၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၇၉၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၁၆၂၆၄၅ ဒသမ ၅၅၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀၃ ဒသမ ၃၀၉ သန်း တင်ပို့ခဲ့သည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၂၃၀၀၀ ကျော်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၈၁၁ (၃၅ ရာခိုင်နှုန်း) လျော့နည်းတင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုမှာ ယခင်နှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၈ သိန်းကျော်တင်ပို့မှု ပိုမိုခဲ့သော်လည်း ကမ္ဘာ့ဆန်ဈေးကွက် ပေါက်ဈေးလိုက်၍ ယခင်နှစ်ကာလတူထက်ဈေးနှုန်း ကျဆင်းမှုများရှိသဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၃၈ သန်း (၁၀ ရာခိုင်နှုန်း) လျော့နည်းရရှိသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇန်နဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်)တစ်အိတ်လျှင် ၂၉၈ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၅၈၁ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇန်နဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၃၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးမြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# မအူပင်ခရိုင် အင်းဖော်ချိန် ငါးရံ့ခြောက်များ ပြုလုပ်

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် အင်းအိုင်များ၊ ချောင်းများ ပေါများပြီး ၎င်းအင်းအိုင်များပေါ် အမှီပြု၍ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်အင်းဖော်ချိန်မှာ အောက်တိုဘာလတွင် အင်းဖော်ပြီး အင်းထဲတွင် ငါးမျိုးစုံမွေးမြူ၍ စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းများရှိသည်။ အင်းထဲတွင် ငါးရံ့၊ ငါးခုံးမ၊ ငါးဖယ်ဟောင်း၊ ငါးကျည်း၊ ငါးခူ ၊ ငါးမွေထိုး အစရှိသော ငါးများ မွေးမြူကြောင်း သိရသည်။ အင်းဖော်ချိန်သုံးလအတွင်း ငါးရံ့များရရှိ၍ ငါးရံ့ခြောက်ပြုလုပ်သူ လုပ်ငန်းများရှိသည်။ မအူပင်မြို့နယ်တွင် အင်းများပြားစွာရှိပြီး ထွက်ရှိသော ငါးများကို ငါးပိပြုလုပ်သူများ၊ ငါးရံ့ခြောက်ပြုလုပ်သူများ၊ ရန်ကုန်မြို့သို့ တင်ပို့ခြင်းများ နှစ်စဉ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မအူပင်မြို့နယ် ကျောင်းဆိပ်ကျေးရွာ၊ အောင်ဟိတ်ကျေးရွာ၊ စွန်သိုက်ကျေးရွာ၊ ရေလဲကျေးရွာများတွင် ငါးရံ့ခြောက်ပြုလုပ်သူများရှိသည်။

ဝယ်ယူရသော ဈေးအနေဖြင့် ငါးရံ့အစိုများကို ငါးရံ့ခြောက် ပြုလုပ်နိုင်ရန် ငါးအရွယ်ဆိုဒ် ငါးမျိုးအင်းထဲမှ ဝယ်ယူရပြီး ၁၀ သားလျှင် ကျပ် ၁၃၀၀၀၊ ၂၅ ကျပ်သားလျှင် ကျပ် ၁၆၀၀၀၊ ၃၅ ကျပ်သားကို ကျပ် ၁၈၀၀၀၊ ၄၀ သားလျှင် ကျပ် ၂၂၀၀၀၊ ၅၀ သားလျှင် ကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူပြီး ငါးရံ့ခြောက်ခွဲခြမ်း ပြုလုပ်ရကြောင်း သိရသည်။

ထွက်ရှိမှုအနေဖြင့် အောက်တိုဘာလမှ စတင်ထွက်ပေါ်နေပြီး ငါးရံ့ ၁၀ သား တစ်ပိဿာခွဲ လျှင် ၂၀ သား ငါးရံ့ခြောက်ထွက်ရှိကြောင်း သိရသည်။ ငါးရံ့များကို ဆားအနည်းငယ်လူး၍ နေပူကျဲကျဲတွင် ဝါးစင်ထိုး၍ နေလှန်းရသည်။

ရောင်းချမှု ဈေးနှုန်းအနေဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ငါးရံ့ခြောက်ဈေးနှုန်းမှာ ၂၀ ကျပ်သားအကောင် တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၇၅၀၀-၈၅၀၀၊ ၂၅ ကျပ်သား ငါးရံ့ တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၁၀၀၀၀၊ ၄၀ ကျပ်သား၊ ၅၀ ကျပ်သား ငါးရံ့ခြောက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀-၁၃၀၀၀-၁၅၀၀၀ အထိ ဈေးရရှိကြောင်းသိရသည်။ ၂၀၂၅ ခုနှစ် ငါးခြောက်ပေါ်ချိန်ဈေးဖြင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း သိရသည်။

ဇန်နဝါရီနောက်ဆုံးပတ်တွင် ငါးရံ့ခြောက်များ လှိုင်လှိုင် ထွက်ပေါ်လာသော်လည်း ဈေးအနည်းငယ် မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးရံ့ခြောက်များကို အချိုခြောက်နှင့် ဆားလတ်ခြောက်ဟူ၍ နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်းနှင့် ငါးရံ့ခြောက်ထုတ်လုပ်သူများ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (ရေဝတီ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဇန်နဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ယခုအပတ်အတွက် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် နိုင်ဂျီးရီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဖင်လန်နိုင်ငံတွင် ၄ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုအပတ်အတွက် ဖော်ပြချက်အရ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ အယ်လ်ဂျီးရီးယား၊ အာမေးနီးယား၊ ဘူတန်၊ ချီလီ၊ ကိုလံဘီယာ၊ ဂျော်ဂျီယာ၊ ဂျော်ဒန်၊ ကင်ညာ၊ လူဇင်ဘတ်၊ မက်ဆီဒိုးနီးယား၊ မော်ရိုကို၊ ပါရာဂွေး၊ ကာတာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၅ နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ထိုင်ဝမ်၊ ချက်၊ မက္ကဆီကို၊ ပြင်သစ်၊ မိုနာကို၊ ပီရူး၊ ပိုလန်၊ အာဖဂန်နစ္စတန်နှင့် အက်စ်တိုးနီးယား စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

ဇန်နဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲ မရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ဖိလစ်ပိုင်၊ ခရိုအေးရှား၊ ပိုလန်၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ ဘူလ်ဂေးရီးယား၊ ပီရူး၊ အာဂျင်တီးနား၊ အာဖဂန်နစ္စတန်၊ အက်စ်စတိုးနီးယားနှင့် ဆီးရီးယား စသည့်နိုင်ငံများပါဝင်ကြောင်းနှင့် ယခင်တစ်ပတ် ဈေးနှုန်းထက် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

ဇန်နဝါရီ ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထား ရှိသည့် အာဆီယံနိုင်ငံများ၏ ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်းလေ့လာ တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီနှင့် ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၇ | ၀.၇၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၆ | ၀.၈၃ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၄ | ၀.၆၈ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၇ | ၂.၀၁ |
| ၆ | မလေးရှား | လီတာ | ၀.၆၄ | ၀.၇၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၈၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၉ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၃၃ | ၀.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

**DOT (P&S)**

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၅ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၀၂ | ၀.၉၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၀ | ၀.၉၉ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ ဇန်နဝါရီ ၂၈ ရက်တွင် အောက်တိန်း- 92 တစ်လီတာလျှင် ၂၃၂၅ ကျပ်၊ အောက်တိန်း - 95 တစ်လီတာလျှင် ကျပ် ၂၃၆၀၊ ဒီဇယ် တစ်လီတာလျှင် ၂၂၈၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၅၉၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၅၁၀၊ ဒီဇယ် တစ်လီတာလျှင် ၃၄၃၅ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၆၀၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၆၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၃၇၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၉၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီတစ် လီတာလျှင် ကျပ် ၂၃၆၀၊ ဒီဇယ် တစ်လီတာလျှင် ၂၂၈၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၃၅ ကျပ် ဈေးနှုန်းနှင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၂၀ ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ အခြေအနေ

ရန်ကုန်မြို့ ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း/ဆန်ချော အမျိုးအစားများအလိုက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၃၅၀၀၊ ငစိန်တစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ဧယာတစ်ပြည်လျှင် ကျပ် ၃၁၀၀ မှ ၃၄၀၀ ထိ၊ ပေါ်ကျွဲတစ်ပြည်လျှင် ကျပ် ၄၇၀၀၊ ပုသိမ်ပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၅၀၀၊ ဖျာပုံပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၆၇၅၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၈၀၀၀ မှ ၈၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ စားဖိုဆောင်သုံးစားသောက်ကုန်များတွင် ဆီ(စားအုန်းဆီ) တစ်ပိဿာ ကျပ် ၆၃၉၀၊ ပဲဆီ တစ်ပိဿာ ကျပ် ၁၉၅၀၀ ၊ ကြက်သွန်နီ တစ်ပိဿာကျပ် ၄၅၀၀၊ ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာ ကျပ် ၁၂၀၀၀၊ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၂၀၀၀၊ (ဥတလုံး) တစ်ပိဿာ ကျပ် ၂၁၀၀၀ တို့ဖြစ်ပြီး အာလူးတစ်ပိဿာ ကျပ် ၆၅၀၀၊ နနွင်းမှုန့်တစ်ပိဿာ ကျပ် ၂၅၀၀၀၊ နနွင်းတက် တစ်ပိဿာ ကျပ် ၁၅၀၀၀၊ အိုင်အိုဒင်းဆား တစ်ပိဿာ ကျပ် ၂၅၀၀၊ ရိုးရိုးဆား တစ် ပိဿာ ကျပ် ၂၀၀၀၊ မန်ကျည်းသီးမှည့်တစ်ပိဿာ ကျပ် ၁၃၀၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာ ကျပ် ၂၂၀၀၀၊ ငရုတ်တောင့် (ပု) တစ်ပိဿာ ကျပ် ၃၈၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပဲဝါလေးတစ်ပိဿာ ကျပ် ၈၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၆၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၆၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ အသား/ငါးဈေးနှုန်းများမှာလည်း မွေးမြူရေးကြက်တစ်ပိဿာ ကျပ် ၁၉၀၀၀၊ မြန်မာကြက်တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၃၃၀၀၀၊ ဘဲသား တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ဆိတ်သားတစ်ပိဿာ ကျပ် ၆၀၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၃၂၀၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ရေချိုငါးခူ တစ်ပိဿာ ကျပ် ၃၈၀၀၀၊ မွေးမြူရေးငါးခူတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ပုစွန်တုပ် (ကြီး)တစ်ပိဿာ ကျပ် ၅၅၀၀၀၊ ပုစွန်တုပ် (လတ်)တစ်ပိဿာ ကျပ် ၄၅၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ပင်လယ်ငါး တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ငါးကျည်းတစ်ပိဿာ ကျပ် ၃၈၀၀၀၊ ရေချိုငါးသလောက် တစ်ပိဿာ ကျပ် ၄၀၀၀၀၊ ပုစွန်ခြောက် (ကြီး) တစ်ပိဿာ ကျပ် ၁၆၀၀၀၀၊ ပုစွန်ခြောက်(လတ်)တစ်ပိဿာ ကျပ် ၁၃၀၀၀၀၊ ပုစွန်ခြောက် (သေး) တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ငါးရံ့ခြောက် တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ငါးပိကောင်တစ်ပိဿာ ကျပ် ၃၅၀၀၀၊ အာပြဲခြောက်တစ်ပိဿာ ကျပ် ၅၀၀၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။

ဆန်ကြမ်း /ချောမှာရည်ညွှန်းဈေးပေါ် အခြေခံရောင်းချခြင်းဖြစ်သည့်အတွက် ဈေးငြိမ်လျက်ရှိပြီး စားအုန်းဆီမှာလည်းရည်ညွှန်းဈေး အနည်းငယ်တက်၍ အသားငါးဈေးနှုန်းမှာ ယခင်လထက် ဈေးနှုန်းအနည်းငယ် တက်လျက်ရှိကြောင်း သိရသည်။ **နေလင်း (DOCA ရန်ကုန်)**

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ ဆောင်ရွက်နိုင်မည်


ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကာလအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း ဖွင့်လှစ်၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်တစ်ဦး ဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME လုပ်ငန်းများ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ/လက်ကားရောင်းချသူများ၏ အချင်းချင်း ချိတ်ဆက်မှုလုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အကောက်ခွန်ဦးစီးဌာနနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအကြား လုပ်ငန်းစဉ်များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာရှိ မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူးများဖြင့် အွန်လိုင်းမှဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ကုန်စည်ပြပွဲနှင့်သက်ဆိုင်သော ကိစ္စရပ်များအား ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွားချိတ်ဆက်မှု ပြခန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်းဆောင်ရွက်နိုင်ပါကြောင်း သိရသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**





# မြန်မာ့ယဉ်ကျေးမှုလက်ရာ ယွန်းလက်မှုပညာ

**တင်မျိုးခိုင်** (mdydoca)

ကမ္ဘာပေါ်ရှိလူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြသည်။ မြန်မာလူမျိုးတို့တွင် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုရှိ၍ ကမ္ဘာပေါ်တွင် မြန်မာဟူ၍ ယနေ့တိုင် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်နှင့် မျက်မှောက်ခေတ်ဟူ၍ မြန်မာ့သမိုင်းကြောင်း ရှည်ကြာလာခဲ့သည်နှင့်အမျှ မြန်မာ့ယွန်းထည်၊ မြန်မာ့ယဉ်ကျေးမှုသည်လည်း အခြေခိုင်ခိုင်ဖြင့် နှစ်ပေါင်းရာထောင်မက ရပ်တည်နိုင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေပြုသော ယဉ်ကျေးမှုဟုဆိုနိုင်သည်။ ထို့ကြောင့်လည်း မြန်မာ့ယဉ်ကျေးမှုတွင် ဘာသာရေးဆိုင်ရာ အတွေးအခေါ်များ၊ အယူအဆများ၊ ခံယူချက်များ ဆက်နွှယ်လွှမ်းမိုးလျက်ရှိသည် ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တစ်စုတစ်ဝေးတည်း အများအပြားတည်ရှိရာဒေသဖြစ်၍ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု ကြေးမုံတစ်ချပ်ဖြစ်သည်။

မြန်မာ့ရိုးရာလက်မှုအနုပညာ ပန်း(၁၀)မျိုးတွင် ပန်းယွန်းအနုပညာသည် တစ်ခုအပါအဝင်ဖြစ်ပြီး ပုဂံခေတ်မှစတင်၍ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် တိုင်အောင် ရိုးရာမပျက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည်။ မြန်မာတို့သည် ပန်းယွန်းအတတ်ပညာကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ရပ်အဖြစ် လုပ်ကိုင်ရင်း သားစဉ်မြေးဆက်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့ထိတိုင်အောင်ဖြစ်ခဲ့သည်။ ပုဂံခေတ်တွင် ဘုရားမတင် နတ်မတင် လူတွင်ဆယ်ပွင့်ပန်းဟူသော ဆိုရိုး စကားရှိသည်။ ဆယ်ပွင့်ပန်းမှာ အများသိနေကြသည့်အတိုင်း ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ်၊ ပန်းပု၊ ပန်းတော့၊ ပန်းယွန်း၊ ပန်းချီ၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းတမော့ဟူ၍ရှိရာ ပုဂံတွင်လေ့လာနိုင်သည်။

ပန်းဆယ်မျိုးအနက်မှသည် ပန်းယွန်း(ခေါ်)ယွန်းထည်လုပ်ငန်းနှင့် ပန်ခိ(ခေါ်)ပန်းချီလုပ်ငန်း ဆက်စပ်လျက်ရှိပြီး ပုဂံခေတ် အေဒီ(၁၂)ရာစု အသဝတ်ခမ္မသဈိုင်းဂူကျောက်စာမှ သက်သေပြလျက်ရှိပြီး ၎င်းကျောက်စာအား ရှေးဟောင်းပြတိုက်အတွင်း ကျောက်စာအမှတ်(၄၄)တွင် လေ့လာနိုင်သည်။

မြန်မာ့ယွန်းထည် လက်မှုအတတ်ပညာလုပ်ငန်းသည် ယွန်းပစ္စည်း အထောက်အထားနှင့် စာပေအထောက်အထားများအရ အေဒီ(၁၂)ရာစုပုဂံခေတ်မှသည် အေဒီ(၁၉) (ရတနာပုံခေတ်)နှင့် အေဒီ (၂၀)ရာစု ခေတ်ဦးပိုင်းဟုခေါ်သော လွန်ခဲ့သောနှစ်ပေါင်း(၉၀)ကျော်မှ ရှေးဟောင်း ယွန်းထည်ပစ္စည်းများနှင့် မျက်မှောက်ခေတ်၌ ထုတ်လုပ်သုံးစွဲခဲ့သော ယွန်းထည်ပစ္စည်းများကို လေ့လာကြည့်ရှုခြင်းဖြင့် မြန်မာ့ပန်းယွန်းသည် ပုဂံခေတ်မှစတင်၍ လုပ်ကိုင်လာခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။ လက်ရှိမြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော ယွန်းအမျိုး အစားများမှာ ကညစ်ပန်းယွန်း၊ ရွှေဇဝါပန်းယွန်း၊ သားရိုးပန်းကြွယွန်း၊ မှန်စီရွှေချယွန်း၊ ခေတ်မီယွန်း၊ ခေတ်ဆန်းယွန်း၊ ဆန်းဆက် (SUN SET) ယွန်းတို့ဖြစ်ကြသည်။

## မြန်မာ့ယွန်းထည်ပေါ်မှဒီဇိုင်းများ

မြန်မာနိုင်ငံတွင် ယွန်းထည်ပစ္စည်းများ အမျိုးမျိုး ထုတ်လုပ်ကြသည့်အနက် ဒေသအနေအထားအရ ကုန်ကြမ်းပိုင်း၊ နည်းပညာပိုင်း၊ လက်ရာဒီဇိုင်းပိုင်းများ လက်သုံးကိရိယာတူညီမှုမရှိသည်ကို လေ့လာတွေ့ရှိရသည်။

ယွန်းထည်ပစ္စည်းတစ်ခု ထုတ်လုပ်ရန်အတွက် ထုတ်လုပ်မှုအဆင့်များအနေဖြင့် အဓိကအားဖြင့် သုံးမျိုးရှိသည်။

(က) အဖြူထည် (ဝါးနှီးဖြင့် အဖြူထည် အဆင့်ဆင့်ကို ပြင်ဆင်ခြင်း)
(ခ) အနက်ထည် (သစ်စေးဖြင့် အနက်ထည် အဆင့်ဆင့်ကို ပြင်ဆင်ခြင်း)
(ဂ) အလှဆင်ခြင်း (ယွန်းဆေး၊ ရွှေဆေးများဖြင့်အလှဆင်ခြင်း) တို့ဖြစ်ပါသည်။

(က) အဖြူထည်အနေဖြင့် ဝါးကိုဝါးနှီးဖြာ၍ ဒီဇိုင်းအစုံ၊ ဆိုဒ်အစုံကို နှီးခွေ၍ ပုံဖော်ခြင်းဖြစ်သည်။
(ခ) အနက်ထည်အနေဖြင့် အဆင့်ပေါင်း အနည်းဆုံး(၁၂) ဆင့်ဖြင့် ဆောင်ရွက်ရသည်။ အဆင့်(၁) ဆင့်ချင်းစီကို မြေအောက်ခန်းတွင် တစ်ပတ်ခန့် အခြောက်ခံရသည်။ ထိုသို့ အဆင့်ဆင့် အခြောက်ခံပြီးနောက် မျက်နှာပြင် ချောမွေ့အောင်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များဖြစ်သည်။
(ဂ) အလှဆင်ခြင်းအနေဖြင့် အနက်ထည်ပေါ်တွင် ယွန်းဆင်ခြင်း၊ ယွန်းခွဲခြင်း၊ သစ်စေးအရည်သုတ်လိမ်းခြင်း၊ အရောင်သွင်းခြင်း၊ မြေတိုင်သွင်းခြင်း၊ အရောင်ဖော်ခြင်းလုပ်ငန်းဆင်များဆောင်ရွက်ရသည်။ ယွန်းပစ္စည်းပေါ်တွင် အရောင်(၃)ရောင် ထည့်သွင်းပါက တစ်ရောင်ချင်းစီအတွက်(၃)ကြိမ် အထက်ပါ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရသည်။ ထိုသို့အဆင့်ဆင့်ဆောင်ရွက်ပြီးပါက ဒီဇိုင်းစုံ၊ အရောင်အသွေးစုံစွာဖြင့် လှပတင့်တယ်သော ယွန်းထည်ပစ္စည်းများရရှိသည်။

ဝါးကိုအခြေခံ၍ ဝါးနှီးဖြင့် အဖြူထည် အခွေထည်လုပ်ရာတွင်ကုန်ကြမ်းအဖြစ် အသုံးပြုသော မဲတင်းခ ဝါးနှင့် တင်းဝါးကို ချင်းတွင်းအထက်ပိုင်းဒေသများ၊ သပိတ်ကျင်း၊ ကနီ၊ ရွှေလီနှင့် ပျဉ်မနားမြို့များမှ ရရှိကြောင်း၊ သစ်သားဖြင့် ပြုလုပ်ရသော သစ်ထည်ကုန်ကြမ်းကို ဒေသတွင်းမှရရှိပြီး ကျွန်းသား၊ လက်ပံသားနှင့် ဘိုင်သားကိုသာ အသုံးပြုကြောင်း၊ အနက်ထည်လုပ်ရာတွင် အသုံးပြုသော သစ်စေးကို ကျိုင်းတောင်၊ ကျိုင်းပန်၊ မောက်မယ်၊ ကဒူကြီး၊ ဒူးလေး ဒေသတို့မှ လာသောသစ်စေး (ပထမတန်းစား)၊ ရပ်စောက်၊ ကသာ၊ ဗန်းမော်ဘက်မှလာသော သစ်စေးကို(ဒုတိယတန်းစား)နှင့် ပျဉ်းမနား၊ ရေနီ၊ လယ်ဝေး စသော ပဲခူးရိုးမဘက်မှလာသော သစ်စေးကို (တတိယတန်းစား)သစ်စေးများကို ဝယ်ယူအသုံးပြုလျက်ရှိသည်။

မြန်မာ့ရိုးရာယွန်းထည်ပစ္စည်းများကို အမှတ်တရပစ္စည်းများအဖြစ်အသုံးပြုခြင်း ဘာသာ၊ သာသနာရေးသုံး ပစ္စည်းများအဖြစ် အသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံ၊ ရုံးခန်းနှင့်ဟိုတယ်များတွင် အလှအပဆင် ယဉ်ကျေးမှုပစ္စည်းများအဖြစ် အသုံးပြုလျက်ရှိရာ ယခုလက်ရှိတွင် ယွန်းထည်ထုတ်ကုန်များအနေဖြင့် အမျိုးအစားပေါင်း ၁၀၀ ခန့် ထုတ်လုပ်လုပ်ကိုင်လျက်ရှိသည်။

လက်ရှိ ဈေးကွက်တွင် ဆွမ်းအုပ်၊ လက်ဖက်အုပ်၊ ကွမ်းအစ်၊ Tissue Box၊ ရေနွေးကရားအစုံ၊ ဘောပင်ထည့်ခွက်၊ ယွန်းဘောပင်၊ ယွန်းလင်ဗန်း၊ ဒေါင်းလန်း၊ ဘုရားပန်းအိုး၊ စားပွဲတင် ပန်းအိုး၊ ယွန်းပန်းချီကား၊ ယွန်းဇီးကွက်ရုပ်၊ ယွန်းလည်ဆွဲ၊ လက်ကောက်၊ ဆံထိုး၊ ယွန်း ပုတီး၊ ယွန်းသေတ္တာ၊ ယွန်းခွက်အစုံ၊ ယွန်းသပိတ် စသည့်ပစ္စည်းများအား Size မျိုးစုံ၊ ဒီဇိုင်းမျိုးစုံ၊ ကာလာအရောင်မျိုးစုံဖြင့် ထုတ်လုပ်လျက်ရှိသည်။

ယွန်းထည်ထုတ်ကုန်ပစ္စည်းများကို ပုဂံဒေသရှိ ဘုရားဈေးဆိုင်တန်းများနှင့် ပုဂံလက်ဆောင်ပစ္စည်း အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည်။ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ မကွေး စသည့်မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ယွန်းထည်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်များ၊ နှစ်သက်လက်ခံမှုများအတိုင်း လိုက်လျောညီထွေ ထုတ်လုပ်ကြရသဖြင့် ယွန်းထည်ပစ္စည်း၏ အရည်အသွေး၊ အဆင့်အတန်း၊ အနိမ့် အမြင့်များ ဖြစ်ပေါ်လျက်ရှိသည်။

မြင်းကပါကျေးရွာ လက်မှုယွန်းထည်လုပ်ငန်းမှ အဆင့်မီ ယွန်းထည်ပစ္စည်း(ယွန်းစစ်) ကုန်ချောဈေးနှုန်းများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် 6"(ဆွမ်းအုပ်)တစ်ခုလျှင် ကျပ် ၂၅၀၀၀၀၊ 6" (လက်ဖက်အုပ်)တစ်ခုလျှင် ကျပ် ၂၅၀၀၀၀၊ 2" (ရေချမ်းခွက်)တစ်ခုလျှင် ကျပ် ၈၅၀၀၀၊ 6"(သေတ္တာ)တစ်ခုလျှင် ကျပ် ၂၀၀၀၀၀၊ 6" (Tissue Box) တစ်ခုလျှင် ကျပ် ၂၀၀၀၀၀၊ 18" (လင်ဗန်း) တစ်ခုလျှင် ကျပ် ၃၅၀၀၀၀၊ 5"(သပိတ်) တစ်ခုလျှင် ကျပ် ၁၅၀၀၀၀၊ ရေနွေးအိုး(၁)စုံလျှင် ကျပ် ၆၀၀၀၀၀၊ ဘောပင်ထည့်ခွက် တစ်ခုလျှင် ကျပ် ၈၅၀၀၀၊ 6" (ကွမ်းအစ်) တစ်စုံလျှင် ကျပ် ၄၀၀၀၀၀နှင့် ယွန်းပန်းချီ 13"×9" တစ်ခုလျှင် ကျပ် ၆၀၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ ယွန်းထည်ဈေးနှုန်းများမှာ ယွန်းထည်ထုတ်လုပ်မှုနှင့် အရည်အသွေးများအပေါ် မူတည်၍လည်း ဈေးနှုန်းကွာခြားလျက်ရှိသည်။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော မြန်မာ့ယွန်းထည်လုပ်ငန်းသည် ယနေ့ထိတိုင် ထင်ပေါ်ကျော်ကြားလျက်ရှိသည်။ မြန်မာ့ရိုးရာယွန်းထည်သည် ခေတ်မီနည်းစနစ်များကို အသုံးပြုခြင်း၊ ရှေးရိုးရာနည်းစနစ်များနှင့်လည်း ပေါင်းစပ်အသုံးပြုခြင်း၊ စူးစမ်းလေ့လာမှုဖြင့် အမြင်ကျယ်၍ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်စေရန် အသုံးပြုခြင်းတို့ကြောင့် ယွန်းထည်အရည်အသွေးများလည်း ပိုမိုကောင်းမွန်၍ တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလျက်ရှိကြောင်း တွေ့ရသည်။

ယွန်းထည်လက်မှုလုပ်ငန်းများ တိမ်ကော၊ ပပျောက်မှုမရှိစေဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားပေးမြှင့်တင်ရန်၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိစေနိုင်ပြီး လက်မှုပို့ကုန်ကဏ္ဍမြှင့်တင်နိုင်စေရန်ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်မှုရွာစီမံကိန်း (ယွန်းထည်)အား မြင်းကပါကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယွန်းပညာကောလိပ်မှလည်း လက်မှုပညာရှင်များကို သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။

**ကိုးကား-**

**ယွန်းပညာကောလိပ် နှစ်ပေါင်းတစ်ရာပြည့်မဂ္ဂဇင်း။**
**အရိမဒ္ဒနပူရယွန်းထည်လုပ်ငန်း၊ မြင်းကပါကျေးရွာ။**
**ယွန်းပညာကောလိပ်မှ ယွန်းအတတ်ပညာဒီပလိုမာအတွက် ရေးသားတင်ပြသည့် စာတမ်း။**

**(ဆောင်းပါးပါ ဓာတ်ပုံများအတွက် မူရင်းပိုင်ရှင်များအား လေးစားစွာ ခရက်ဒစ် ပေးပါသည်။)**

SONALIKA INTERNATIONAL

# FARMER CHOICE TRACTOR Co.,LTD

FARMERS CHOICE TRACTOR CO.,LTD.



WT-110RX



GT-26 Rx



WT-90 RX

ရန်ကုန် - ပြည်လမ်း၊ ကျိုက္ကလို့ဘုရားမှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ - ၄၄၃၀၉၁၁၅၁၊ ၀၉ - ၄၄၃၀၉၁၁၅၃

บริษัท ทูบี เกรท จำกัด

2B GREAT Company Limited

# 2B GREAT (Myanmar) Company Limited







DD Shipping & Agency Co.,Ltd.











No.(1004-A), 10th Floor, MyanmarShwe Ou Daung Min Condo,50th Street,Botahtaung Township,Yangon Region, Myanmar. http://www.2bgreat-tha-mm.com

Chiang Mai Office

91/219, Village No.4, The Sala Sub-district, Mueang Chiang Mai District, Chiang Mai, Thailand. Contact : +66 972 422 828, + 66 987 509 625

E mail : logistic2bgreat@yahoo.com,jedsadaj@yahoo.com

: info@2bgreat-tha-mm.com

Myawaddy Office

No(6/7), Bo Kyar Thant Street, In Front of MBM Cement Factory, Myaa Ni Gone, Myawaddy.

Contact : +959 780 781 868, + 959 457 279 055

E mail : 2bgreatmyanmar.ronal@gmail.com ronal@ddshipping-mm.com

: info@2bgreat-tha-mm.com

BM

BHONE MYAT
PYAE HLYAN
CO, LTD.

Address : 61A 122 × 123 ,Mandalay Township, Myanmar
Tel : 095097242, zawwinmyint2206@gmail.com



ASIA WORLD PORT TERMINAL
Myanmar's Marine Gateway to the World
www.asiaworldport.com





APEX
AUTO SERVICE CO., LTD.
OUR SERVICES
APEX AUTO SERVICES မှ ရရှိနိုင်သော SERVISE များ
BODY REPAIR SERVICE
ENGINE & SUSPENSION REPAIR
PAINTING
3D/ WHEEL ALIGNMENT
ENGINE OIL CHANGING
CAR WASH & DETAILING SERVICE
DIAGNOSIS
CRANE SERVICE 24/7 DUTY
QUICK SERVICE
EV SERVICE
APEX AUTO SERVICES (EAST DAGON INDUSTRIAL ZONE)
APEX AUTO SERVICES (THINGANGYUN)
MGM APEX (AHLONE)
HOTLINE PHONE NUMBER



Vita-M တွင် လူတစ်ဦး၏ တစ်နေ့တာလိုအပ်နေသော Multi-Vitamins, Minerals နှင့်
Amino Acids စာတ်(၃၂)မျိုးတို့ အချိုးညီစွာ ပေါင်းစပ်ပါဝင်ပါသည်။
အားပြည့်လန်းဆန်း ကျန်းမာစေရန်...
VITA-M®
VITA-M
သောက်သုံးသင့်သူများ
Distributed & Marketed By
SL
SAN LWIN TRADING CO., LTD.
No.106, Kyike Ka San Road, Pyar Yay Gone (Q), Tamwe Township, Yangon, Myanmar
Tel: (95-1) 8604600~2 (3 Lines)
www.sanlwintrading.com
Hotline : 09 4540 6666 3




မိသားစုတိုင်းရဲ့ကျန်းမာရေးအတွက်
အကောင်းဆုံးအဖော်မွန် Precare
(၃)နှစ်အာမခံ
ဆီးချိုသွေးချိုတိုင်းစက်
တစ်သက်တာအာမခံ
လက်မောင်းပတ်
(သွေးပေါင်ချိန်တိုင်းစက်)
လက်ကောက်ဝတ်ပတ်
(၂)နှစ်အာမခံ
ISO
GERMAN
TECHNOLOGY





Operated By Khit Thit Oo Trading Co.,Ltd.
ESTD. 1928
The Grey House
KALAW
959 444445577
www.thegreyhouse1928.com





CMC
ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအတွက်ဆို
CMC Myanmar
ကို သတိရလိုက်နော်...
Let's Collaborate In
Achieving Your Dream Home
You name it, We have it.
CMC Head Office :
Building No: 12, Bayint Naung Road, Mya Yamone Villa, Ward 26, South Dagon Township, Yangon, Myanmar.
+959780317454
CMC Showroom :
No. 1152, Pyi Htaung Su Road, Ward 38, North Dagon Township, Yangon, Myanmar.
+959269560763


GAP
Golden Arrow's Power
စိုက်ပျိုးရေးထွက်ကုန်တိုး
သဘာဝ သွင်းအားစုများ
Selective Star Agribusiness Co.,Ltd
No.203/207 Fitst floor,Bo Aung Kyaw Street,Kyauktada ownship, Yongon, Myanmar
Phone: 095 164 720 . 09 975 555 912. mail: gapbusiness27@ gmail.com


မနောသုခ
ဆန်စက်
09254019203, 09784019203


ကောင်းကြိုက်
မုန့်မျိုးစုံလုပ်ငန်း
PEANUT
POP CORN
အမှတ် (၇)၊ ဖန်စက်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၁၂၄၁၇၊ ၀၉ ၇၃၀၇၅၂၄၆၊ ၀၉ ၇၉၉၉၉၆၉၇၀


A Quality Product of
SHWE
BEAUTIFUL MYANMAR®
PAW SAN HMWE
ပေါ်ဆန်းမွှေး
Net Wt: 2KG

# အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၀ အား ခွင့်ပြု

အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၀ ခုအား ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၆) အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅)အစည်းအဝေးခန်းမ တွင် ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် လေးခုကို လည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ လျှပ်စစ်၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ခြင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၁၆ ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၉၁၁ သန်း နှင့် ငွေကျပ် ၂၁၂၀၄၃၆ ဒသမ ၆၅၂ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၈၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ အိမ်ရာအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများ ပါဝင်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပမှ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုတိုး**

# မြန်မာ့ပြောင်းအား ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ပြင်ဆင်

မြန်မာ့ပြောင်းအား လာမည့် ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ တင်ပို့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသို့မြန်မာ့ပြောင်း တင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းမှ ဗန်ကောက်ဆိပ်ကမ်းများသို့ လည်းကောင်း၊ ကော့သောင်း-ရနောင်းလမ်းကြောင်းမှ လည်းကောင်း၊ တာချီလိတ်လမ်းကြောင်းမှလည်းကောင်း တင်ပို့နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ယခင်နှစ်က တန်ချိန် ပမာဏအတိုင်း တင်ပို့နိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်းတွင် ပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိပြီး ပြည်တွင်းသုံးစွဲမှုအနေဖြင့် ပြောင်းတန်ချိန် တစ်သန်းခန့်ရှိပြီး နှစ်စဉ် ပြည်ပသို့ တန်ချိန်နှစ်သန်းကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

**ကိုတိုး**



# အဆင့်မြင့်မင်္ဂလာဈေးသစ် ဆိုင်ခန်းများကို ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူနိုင်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးရှိ ဆိုင်ခန်းများကို ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း Sun Myat Tun Construction ကုမ္ပဏီလီမိတက်မှ သိရသည်။

လက်ရှိတွင် Lower Ground Floor နှင့် (၅)လွှာရှိ ဆိုင်ခန်းများကို ရောင်းချထားပြီးဖြစ်ကာ (၆)လွှာမှ (၈)လွှာအထိရောင်းချရန် ကျန်ရှိနေသေးကြောင်း သိရသည်။

ရောင်းချရန်ကျန်ရှိသည့် ဈေးဆိုင်ခန်းများ၏ နှုန်းထားမှာ ၁၀ ပေပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း ၂၃၀၀ ကျော်မှ စရှိပြီး ကုမ္ပဏီတိုက်ရိုက်သော်လည်းကောင်း၊ ဘဏ်ချိတ် စနစ်ဖြင့်သော်လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း၊ ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူပါက သုံးနှစ်မှ ၁၀ နှစ်အထိ ဝယ်ယူနိုင်မည်ဖြစ်သည်။

အဆင့်မြင့် မင်္ဂလာဈေးကြီးသည် နိုင်ငံတကာအဆင့်မီ လက်လီ၊ လက်ကားဈေးကြီးဖြစ်ပြီး ၁၇ လွှာ အဆောက်အအုံအဖြစ် တည်ဆောက်ထားကြောင်း၊ မြေညီ Upper Floor မှ လေးလွှာထိကို ယခင် ဈေးသူဈေးသားဟောင်းများအား ၅ ပေ ပတ်လည် ဆိုင်ခန်းများအဖြစ် ပြန်လည်နေရာချပေးထားကာ ဆိုင်ခန်းပေါင်း ၆၀၀၀ ကျော် ပါရှိသည်။

ထို့ပြင် တစ်နေရာတည်းမှ နယ်မြို့နေရာ အနှံ့အပြားသို့ လက်လီ/ လက်ကား ရောင်းဝယ်ဖောက်ကားနိုင်သည့် တစ်ခုတည်းသော အဆင့်မြင့် လက်လီ/လက်ကား ဈေးကြီးဖြစ်လာမည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုတိုး**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြခန်းပေါင်း ၁၀၀ ကျော်ပါဝင်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်တွင် ငါးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ MSME များသည် နိုင်ငံ့စီးပွားရေး၏ အခြေခံအင်အားစုဖြစ်သည့်အပြင် ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှု၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်း တိုးတက်ရေးတို့အတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ပြပွဲနှင့် ဈေးရောင်းပွဲတော်မှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များကို စုစည်းပြသနိုင်ခြင်း၊ စားသုံးသူများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ခြင်း၊ ဈေးကွက်တိုးချဲ့နိုင်ခြင်းနှင့် အပြန်အလှန် လေ့လာသင်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ ကျင်းပရေးဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်း ပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၀၁ ခန်းခန့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များအားလုံးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်) ဆောင်ရွက်ရမည့် အခြေအနေကို ဆွေးနွေးပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# “ဟင်းချက်အနှစ်မှုန့်က အလုပ်များတဲ့သူတွေအတွက် အရမ်းကို လွယ်ကူစေပါတယ်”

## လွယ်လွန်းလို့ (Lwei Loon Loh) ဟင်းချက်အနှစ်မှုန့်လုပ်ငန်း ထုတ်လုပ်မှုတာဝန်ခံ ဒေါ်သဇင်မြင့်သူနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံးပါဝင်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်ထဲတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝနည်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အသေးစား၊ အလတ်စားလုပ်ငန်းဖြစ်သည့် လွယ်လွန်းလို့ (Lwel Loon Loh) ဟင်းချက်အနှစ်မှုန့်လုပ်ငန်း ထုတ်လုပ်မှုတာဝန်ခံ ဒေါ်သဇင်မြင့်သူနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**တိုပ္ပ**

**ဟင်းချက်အနှစ်မှုန့် ထုတ်လုပ်တဲ့လုပ်ငန်း စတင် တည်ထောင်ဖြစ်ပုံလေး ပြောပြပေးပါဦး။**

ဒီလုပ်ငန်းကို စပြီးလုပ်ကိုင်ဖြစ်တာကတော့ နှစ်နှစ်လောက်တော့ ရှိပြီပေါ့နော်။ ဒါပေမဲ့ ဈေးကွက်ထဲကို စပြီးထိုးဖောက်တာကတော့ တစ်နှစ်လောက်ပဲရှိသေးတယ်။ အခုဆိုရင် Capital စူပါမားကတ်မှာတော့ တင်ထားပါပြီ။ အခြားသော Modern trade တွေထဲမှာလည်း တင်ဖို့အတွက် ပြင်ဆင်လျက်ရှိပါတယ်။ လက်ရှိမှာလည်း အသေးစား၊ အလတ်စား ဈေးရောင်းပွဲတော်တွေမှာ ဝင်ရောက်ပြသရောင်းချ ပေးလျက်ရှိပါတယ်။

**ဒီထုတ်ကုန်တွေမှာ ဘယ်လိုမျိုး ထူးခြားချက်တွေပါဝင်ပါသလဲ။**

လွယ်လွန်းလို့ထုတ်ကုန်မှာ ကချင်ချက်အရသာ ဟင်းချက်အနှစ်မှုန့်ထုပ်နဲ့ သက်သတ်လွတ် ဟင်းအချက်အရသာ ဗမာချက်ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ ကချင်ချက်မှာဆိုရင် ကချင်အရသာအကုန်ပါပြီးသားအပြင် ကြက်သွန်အနီ၊ အဖြူတွေ အရသာအမှုန့်တွေ အကုန်ပါပြီးသားဖြစ်ပါတယ်။ ဘာမှထပ်ထည့်စရာ မလိုတော့ပါဘူး။ ကချင်ဟင်းတစ်ခွက်ချက်ဖို့ဆိုရင် အသားငါး တစ်ဆယ်သားနဲ့ ဒီဟင်းချက်အနှစ်မှုန့်ကိုထည့် ဆီလေးကို လိုသလောက်လေးထည့်ကာ နယ်ပြီးခဏနှပ်ထားပါ။ ပြီးရင် လုံးချက်ပုံစံမျိုး ချက်လိုက်တာနဲ့ ရပြီပေါ့။ အသားလေးရယ်၊ ဆီလေးရယ် နှစ်မျိုးပဲလိုအပ်မှာ ဖြစ်ပါတယ်။ သက်သတ်လွတ် ဟင်းချက်အနှစ်မှုန့်ကကျတော့ ဗမာအရသာပေါ့။ ဗမာဆီပြန်ဟင်းအရသာပါ။ ချက်မယ် ဆိုရင် ကိုယ်ချက်ချင်တဲ့ အသားငါးနဲ့ ဟင်းချက်အနှစ်မှုန့်ကိုထည့် ဆီလေးနဲ့နယ်ပြီး ခဏနှပ်ထားပါ။ ပြီးတော့မှ ရေလေးထည့်ပြီး လုံးချက်ချက်လိုက်ရုံပါပဲ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူဆား၊ နနွင်း၊ အရောင်တင်မှုန့်၊ တိုင်းရင်းသား Spice အရသာအားလုံးပါဝင်ပြီး ဖြစ်ပါတယ်။ ဒီထဲမှာ သက်သတ်လွတ် ဗမာအရသာ ဟင်းချက်အနှစ်မှုန့်ကကျတော့ ဒီထဲက ပါဝင်ပစ္စည်းတွေအားလုံးက သက်သတ်လွတ်တယ်လို့ ပြောချင်တာပေါ့။ ကြက်၊ ဝက်၊ ပုစွန် အသားငါးတွေနဲ့လည်းချက်လို့ရသလို အသီးအနှံတွေနဲ့လည်း ချက်လို့ရပါတယ်။ သက်သတ်လွတ်စားတဲ့ ရက်ဆိုရင် ဟင်းချက်အနှစ်မှုန့်လေးနဲ့ အာလူး၊ ခရမ်းသီး ချက်စားလို့ရပါတယ်။






**ဒီထုတ်ကုန်လေးတွေကို ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်လေး သိပါရစေ။**

ဒီထုတ်ကုန်လေးတွေကို ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်က အလုပ်အရမ်းများတဲ့ အိမ်ရှင်မတွေ အလုပ်ကနေပြန်လာပြီးတော့ အလုပ်ပင်ပန်းလာတဲ့အချိန်မှာ ကြက်သွန်တွေ မကိုင်ချင်ဘူး။ အနံ့တွေစွဲတယ်။ အဲအချိန်မှာ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူနဲ့ ဒီဟင်းချက် အနှစ်မှုန့်နဲ့ ချက်လိုက်မယ်ဆိုလို့ရှိရင် သူတို့အနေနဲ့ မပင်ပန်းတော့ဘူး။ နောက်တစ်ချက်က နိုင်ငံခြားကို ရောက်နေတဲ့သူတွေ၊ ကျောင်းတက်နေတဲ့သူတွေ၊ အလုပ်လုပ်နေတဲ့သူတွေအနေနဲ့ သူတို့က မြန်မာအရသာကို ချက်စားချင်တယ်။ကြက်သွန်တွေလှီးပြီး ချက်ဖို့အတွက် အလုပ်ရှုပ်တဲ့အခါကျတော့ ဟင်းချက်အနှစ်မှုန့်နဲ့ လုံးချက်ချက်လိုက်ရင် အခုလိုမျိုး အရသာလေး ရသွားပါတယ်။ အဲဒီအတွက်ကို ရည်ရွယ်ပြီးတော့ ထုတ်လုပ်ထားတာဖြစ်ပါတယ်။

**လက်ရှိမှာရော ဈေးကွက်ထဲ ထိုးဖောက်မှုအခြေအနေ ဘယ်လိုရှိပါသလဲ။**

ဈေးကွက်ထိုးဖောက်တဲ့နေရာမှာ Modern trade တွေတင်ဖို့အတွက်ကတော့ ညှိနှိုင်းပြီးတော့ သွားရတယ်။ အဓိကတော့ ကျွန်မတို့ဆီကို ဂျပန်ကိုယ်စားလှယ်တွေလည်း လာပြီး ဆက်သွယ်ကြတယ်။ အဲဒါလေးတွေအတွက်လည်း ချိတ်ဆက်ပြီးတော့ လုပ်နေပါတယ်။ ဒီထက်ပိုပြီးတော့လည်း အဆင်ပြေအောင် လုပ်ကိုင်ကြိုးပမ်းနေပါတယ်။ တချို့ကတော့ ကချင် ချက်ကြိုက်တဲ့သူရှိသလို ဗမာချက် ကြိုက်တဲ့သူလည်းရှိပါတယ်။ အလုပ်များတဲ့သူတွေကတော့ ဒီဟင်းချက်အနှစ်မှုန့်ကို တော်တော် သဘောကျ ကြတယ်။ တချို့ကျတော့ အိမ်မှာနေရင်း ချက်စားလို့လည်းရသလို လွယ်လင့်တကူ ချက်စားလို့ရတာကြောင့် ကြိုက်နှစ်သက်မှု များပါတယ်။ အရမ်းအလုပ်များတဲ့သူတွေအတွက် ဟင်းချက်အနှစ်မှုန့်က အရမ်းကိုလွယ်ကူစေပါတယ်။ တချို့က ကချင်ချက်ဟင်းတွေဖြစ်တဲ့ ငါးကချင်ပေါင်း၊ ကြက်ကချင်ချက်၊ ငါးကချင်ချက်တွေကို အရမ်းစားချင်ကြတယ်။ ဒါပေမဲ့ တချို့က ကချင်ချက်ဟင်းကို မချက်တတ်ကြဘူး။ ဒီဟင်းချက်အနှစ်မှုန့်နဲ့ကျတော့ အဆင်ပြေတယ်လို့ feedback တွေ ပြန်လာပါတယ်။

**ပြည်ပကနေရော မှာယူတာမျိုးရှိပါသလား။**

ဟုတ်ကဲ့ရှိပါတယ်။ ပြည်ပကနေလည်း မှာယူတာတွေ ရှိပါတယ်။ တချို့တွေကလည်း အသေးစား၊ အလတ်စား ဈေးရောင်းပွဲတော်တွေကို သွားရင်းနဲ့မှ နိုင်ငံခြားမှာ ကျောင်းတက်နေတဲ့ အလုပ်လုပ်နေတဲ့သူတွေအတွက် ပို့ဖို့ဆိုပြီးတော့ လတ်လတ်ဆတ်ဆတ် ဟာလေးတွေကို မှာယူကြတာတွေရှိပါတယ်။ အဲဒါလေးတွေကို ပို့ပေးရပါတယ်။ ဒါကြောင့်မို့လည်း အသေးစား၊ အလတ်စား ထုတ်ကုန်ပြပွဲတွေမှာ ဝင်ရောက်ပြသရောင်းချဖြစ်ရတဲ့အကြောင်းရင်းကတော့ အများပြည်သူအတွက် ဟင်းချက်အနှစ်မှုန့်ကို သိလာစေရေး ရည်ရွယ်ပါတယ်။ နောက်ပိုင်းကျရင်တော့ ထုတ်ကုန်တွေကို Modern Trade တွေကနေ သွားမှာဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ထုတ်ကုန်တွေက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) အသိအမှတ်ပြု လက်မှတ်ရရှိထားပြီးသားဖြစ်ပါတယ်။ နောက်ပြီးတော့ ထုတ်ကုန်တွေမှာ အချိုမှုန့် လုံးဝမသုံးထားပါဘူး။ တာရှည်ခံဆေးတွေလည်း လုံးဝမသုံးထားပါဘူး။အရောင်တင်မှုန့်တောင်မှပဲ ဆိုးဆေးလွတ်တဲ့ အရောင်တင်မှုန့်ကိုပဲ အဓိကထားပြီးသုံးထားပါတယ်။ ဒီဟင်းချက်အနှစ်မှုန့်ရဲ့ ကုန်ကြမ်းကို အဓိကအားဖြင့် ပြည်တွင်းကထွက်ရှိတဲ့ ကုန်ကြမ်းတွေနဲ့ပဲ သုံးပေးထားပါတယ်။ အချိုကိုကျတော့ မုန်လာဖူးကနေမှ ဂျပန်နည်းပညာနဲ့ အချိုကိုလုပ်ပြီးတော့မှ အဲဒီကအချိုကို ရယူသုံးစွဲထားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ လွယ်လွန်းလို့ ဟင်းချက်အနှစ်မှုန့်ကို မှာယူမယ်ဆိုရင် စူပါးမားကတ်ကသော် လည်းကောင်း၊ အွန်လိုင်းလူမှုကွန်ရက်က နေသော်လည်းကောင်း မှာယူလို့ရပါတယ်။ ပြောချင်တာကတော့ ဒီဟင်းချက်အနှစ်မှုန့်က အလုပ်အရမ်းရှုပ်နေတဲ့ အိမ်ရှင်မတွေအတွက်ကို ရည်ရွယ်ပါတယ်။ ဟင်းသိပ် မချက်တတ်တဲ့သူတွေ၊ နိုင်ငံခြားမှာ အလုပ်လုပ်ကိုင်နေတဲ့သူတွေ ဟင်းချက်ဖို့ ခက်ခဲနေတာတွေအတွက် ဟင်းချက် တတ်စရာမလိုပါဘူး။ အသားထဲကို ဟင်းချက်အနှစ်မှုန့်ထည့် ဆီလေးတစ်ဇွန်း၊ နှစ်ဇွန်း လိုသလောက်လေးထည့်ပြီးတော့မှ ရေလေးထည့်ပြီး ချက်လိုက်ရုံနဲ့ အဆင်ပြေပါတယ်။အဲဒီအတွက်ကြောင့်မို့ ကိုယ်တိုင်ချက်ပြုတ်လို့ရအောင် ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး၏ မြန်မာ့သနပ်ခါး

**သင်းသင်းအေး (မုံရွာ)**

သနပ်ခါးကို မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၊ ကျောက်စရစ်ကုန်းမြေညံ့၊ ရေရရှိရန် ခက်ခဲသည့် ဒေသများတွင် သဘာဝအလျောက် အလေ့ကျ ရှင်သန်နိုင်စွမ်းရှိသည်။ သနပ်ခါးသည် ဆေဖက်ဝင်အပင်အမျိုးအစားဖြစ်သည်။ ရှေးအစဉ်အဆက် မြန်မာ့မြေပေါက် သဘာဝအရင်းအမြစ်စစ် မြန်မာ့သနပ်ခါးသည် မြန်မာ့လူနေမှုတွင် အလှအပအသုံးအဆောင်ပစ္စည်းသာမက တိုင်းရင်းဆေးဆိုင်ရာ၊ လူ့အသုံးအဆောင်ဆိုင်ရာတွင် အသုံးဝင်လျက်ရှိရာ ကမ္ဘာ့ဈေးကွက် အထိ ပေါက်ရောက်နိုင်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် အနှံ့အပြား ပေါက်ရောက်ပြီး ထင်ရှားသောဒေသများမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ရှင်မတောင် အနီး တစ်ဝိုက်၊ ရေစကြိုမြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာခရိုင်၊ အရာတော်မြို့နယ်နှင့် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် အနီးတစ်ဝိုက်တို့တွင် ပေါက်ရောက်သော သနပ်ခါးတို့မှာ ထင်ရှားလှပါသည်။

### ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး(OVOP)ဖွံ့ဖြိုးတိုးတက်စေရေး

စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး (OVOP) ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီနိုင်ရန် မြန်မာ့သနပ်ခါး ရေရှည်တည်တံ့စေရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်မြင့်တင်ရေး တွက် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းပေးခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင် နေရာရရှိရေး၊ မြန်မာ့သနပ်ခါး မူပိုင်ခွင့် ရရှိရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်စည်များ ထုတ်လုပ်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် သုံးခုတွင်လည်း သနပ်ခါးအသင်းအဖွဲ့ ၁၆ ဖွဲ့နှင့် အစုအဖွဲ့ ၁၈ ဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ မြန်မာ့သနပ်ခါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အပူပိုင်းမိုးခေါင်ရပ်ဝန်းဒေသများမှ ကျေးလက်နေတောင်သူများ သနပ်ခါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်၍ စီးပွားဖြစ်ထွန်းစေရန်၊ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရန်၊ ဈေးကွက်အခိုင်အမာဖြင့် ရေရှည်တည်တံ့စေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းတန်ဖိုးထားစေရန်၊ ပြည်ပနိုင်ငံများအထိပါ ဈေးကွက် ထိုးဖောက်ဝင်ရောက်၍ ပို့ကုန်ဝင်ငွေ တိုးတက်ရရှိစေရန်ရည်ရွယ်သည်။

### သနပ်ခါးစိုက်ပျိုးရန် အခြေခံအချက်အလက်များ

ရှေးအခါက သနပ်ခါးကိုစနစ်တကျစိုက်ပျိုးခြင်းမရှိဘဲ အလေ့ကျပေါက်သောသနပ်ခါးများကို ခုတ်ယူသုံးစွဲခြင်း၊ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးခြင်းတို့သည် အပင်ကောင်းရရန် ၁၅ နှစ်ခန့်စောင့်မှသာ ရရှိသည်။ ယခုအခါ ခြောက်နှစ်ခန့်ဖြင့် ဈေးကွက်ဝင်သနပ်ခါး ရရှိသော မျိုးကောင်းမျိုးသန့် သနပ်ခါးများကို သနပ်ခါး ခြံကေများဖြင့် စိုက်ပျိုးလျက်ရှိသည်။

### အရာတော်သနပ်ခါး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် အရာတော်မြို့နယ်သည် သနပ်ခါး ကို ဒေသထွက်ကုန် တစ်ခုအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အရာတော်သနပ်ခါးကို ဈေးကွက်အနေဖြင့် ဒေသတွင်းသာမက မုံရွာ၊ မန္တလေး၊ ရန်ကုန်ထိတင်ပို့ရောင်းချကြသည်။ အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတိုင်းတွင် စနစ်တကျစိုက်ပျိုးကြပြီး မြန်မာနိုင်ငံတစ်ခုလုံး၏ သနပ်ခါး လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု၍ စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိသည်။ အရာတော်မြို့နယ်၊ ဝါးရောင်းအုပ်စု၊ ဇီးပင်လယ်ကျေးရွာ သနပ်ခါးခြံမှ မျိုးကောင်းမျိုးသန့်ကို သီးခြားရွေးချယ်ပြီး သီးသန့်ပျိုးထောင်ကာ အပင် ၁၀၀ ကျော်ခန့်ဖြင့် မျိုးသန့်သီးသန့်ခြံအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး အခြားမြို့ကြီးများကပါ ဝယ်ယူစိုက်ပျိုးလျက် ရှိကြသည်။ သနပ်ခါးအသီး တစ်ပြည်လျှင် ကျပ် ၁၅၀၀၀၀ ခန့်ဈေးရှိသည်။ သနပ်ခါး အရောင်းအဝယ်ကို ခြံပြတ်ရောင်းဝယ်ခြင်း၊ ခြံအတွင်းမှာ ကြိုက်သည့် အပင်ခုတ်စနစ်ဖြင့် ရောင်းဝယ်ခြင်းစနစ်တို့ ဆောင်ရွက်လျက်ရှိပြီး သနပ်ခါးမှာ အရာတော်စိန်မင်းမျိုးဆိုလျှင် မသိသူမရှိအောင် နာမည်ကြီးလှသည်။

### ဈေးနှုန်းဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာ ယူနက်စကိုမှ အသိအမှတ်ပြု ဂုဏ်ယူဖွယ်ရာ မြန်မာ့သနပ်ခါး အရောင်းပြခန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးရက်တာ ကျင်းပဆောင်ရွက်ခဲ့သည်။

ယခုအခါ သနပ်ခါးကို အတုံးတင်မက အမှုန့်အဖြစ်ပြုလုပ်၍ သနပ်ခါးခဲ၊ သနပ်ခါး lotion၊ သနပ်ခါးရေမွှေး၊ သနပ်ခါး မိတ်ကပ်၊ သနပ်ခါးရနံ့ ရေချိုးဆပ်ပြာရည်၊ သနပ်ခါးရနံ့ အမွှေးတိုင် သနပ်ခါးပေါင်ဒါ အစရှိသဖြင့် တန်ဖိုးမြှင့်တီထွင်ဖန်တီး ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သနပ်ခါးစစ်စစ် အခဲတစ်ခဲလျှင် ကျပ် ၉၀၀၀၊ သနပ်ခါးအမြစ်ခဲ တစ်ခဲလျှင် ကျပ် ၆၅၀၀၊ သနပ်ခါးပေါင်ဒါ တစ်ဘူးလျှင် ကျပ် ၁၉၀၀၀၊ သနပ်ခါး ပုတီးတစ်ကုံးလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၁၆၀၀၀၊ သနပ်ခါးဇွန်း၊ ခရင်းတစ်စုံ ကျပ် ၃၀၀၀၊ သနပ်ခါးတုံး အသေးအကြီး အပွေးပေါ်မူတည်၍ အပွေးထူထူ သနပ်ခါးတုံးအကြီး တစ်တုံးလျှင် ကျပ် ကျပ် ၃၀၀၀ - ၅၀၀၀ တစ်ပင်လျှင် ကျပ် ၁၅၀၀၀-၂၀၀၀၀ တို့ဖြင့် ရောင်းချရပြီး အပင်ကိုကြည့်၍ ကြိုက်ဈေးပေးဝယ်ယူခြင်းများလည်း ရှိသည်။

သနပ်ခါးစိုက်ပျိုးသူများအနေဖြင့် လက်ရှိ သနပ်ခါးဈေးကွက် ကျဆင်းနေသဖြင့် သနပ်ခါးခြံများအစား လျှော်ဖြူ၊ သရက်၊ ဒန့်သလွန် စသည့် ဈေးကွက်အရ လွယ်ကူသော ကာလပေါ် သီးနှံများကို ပြောင်းရွှေ့စိုက်ပျိုးလာသည်ကို တွေ့ရသည်။ စိုက်ခြံသမားများအနေဖြင့် သနပ်ခါးပွဲစားများကိုသာ ရောင်းချရခြင်းဖြစ်၍ ပွဲစားများ လက်ထဲတွင်သာပေးသည့် ဈေးဖြတ်စနစ်ဖြစ်သည်။ သနပ်ခါးတုံး လက်လီ/လက်ကားဈေးမှာ တစ်တုံးလျှင် ကျပ် ၅၀၀ မှ ၅၀၀၀ အထိ အမျိုးအစားများ ရှိသည်။

### ဌာနမှ ချိတ်ဆက်ပံ့ပိုးပေးခဲ့မှု အခြေအနေ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနသည် အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကို ၁၄-၁၁-၂၀၁၄ ရက်တွင် အရာတော်မြို့၌ စတင်ကြီးကြပ်ဖွဲ့စည်းခဲ့ပြီး သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သနပ်ခါးမူပိုင်ခွင့်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲ၊ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းနှင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ လေ့လာရေးခရီး သွားရောက်ခြင်းများကို ချိတ်ဆက်ပံ့ပိုးပေးခဲ့သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အရေးပါသော သနပ်ခါးအား တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ သနပ်ခါးအများဆုံးစိုက်ပျိုးရာဒေသ မြို့နယ်များဖြစ်ကြသည့် အရာတော်၊ ရွှေဘို၊ မုံရွာ၊ ကျောက်ကာ၊ မြင်းမူ၊ ကနီ၊ ပခုက္ကူမြိုင်၊ ရေစကြို၊ ပေါက် စသည့်မြို့နယ်များမှ သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများ၊ စစ်တွေ၊ လင်းခေးဒေသများမှ သနပ်ခါး ထုတ်လုပ်သူများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ သနပ်ခါး ကုမ္ပဏီများပါမကျန် သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အားလုံးပါဝင်သည့် မြန်မာနိုင်ငံ သနပ်ခါးအသင်း တည်ထောင်ခဲ့သည်။ သနပ်ခါးအသင်းကြီးမှ သနပ်ခါးကို မြတ်နိုးတန်ဖိုးထားလျက်ရှိရာ မြန်မာ့ယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းနိုင်စေရန် သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရေးကို စနစ်တကျ တိုးတက်ဖွံ့ဖြိုးလာစေရန် ပြည်သူများ သနပ်ခါးအစစ် သုံးစွဲနိုင်စေရန်၊ သနပ်ခါး အသုံးပြုမှု ရေရှည်တည်တံ့စေရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

သနပ်ခါးလှပျိုမေပြိုင်ပွဲများ ကျင်းပခြင်း၊ သနပ်ခါးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ လက် ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ တန်ခိုးကြီးဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအား လိမ်းရန်အတွက် ဆေးသနပ်ခါး ကျောက်ပျဉ်များ ထားရှိခြင်းနှင့် သနပ်ခါး ဈေးရောင်းပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း၊ ၁၉-၂-၂၀၁၉ ရက်၌ တပို့တွဲလပြည့်နေ့ မြန်မာ့သနပ်ခါးနေ့ အခမ်းအနားကို ပခုက္ကူ မြိုင်၊ ရွှေဘို၊ အရာတော် လေးမြို့နယ် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခြင်း၊ အရာတော်မြို့အဝင်၌ ၁၄-၉-၂၀၁၉ ရက်တွင် "သနပ်ခါးမြို့တော် အရာတော်" ဆိုင်းဘုတ် ဖွင့်လှစ်ခြင်း၊ သနပ်ခါးအလှကုန် ထုတ်လုပ်သည့် နည်းပညာပေး သင်တန်း ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယခုအချိန်ထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့မှ စီစဉ်သည့် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများကို လည်း ဝင်ရောက်ပြသရောင်းချခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် နှစ်စဉ်၊ နှစ်တိုင်း အခါကြီးရက်ကြီးများတွင် ကျင်းပသည့် MSME ဒေသထွက်ကုန်ပြပွဲ၊ ပြိုင်ပွဲများတွင် ပြသရောင်းချခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

### မြန်မာ့သနပ်ခါးနေ့ ပေါ်ပေါက်လာပုံ

မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီးက ကြီးမှူးကာ ပထမဆုံးအကြိမ်အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ ၁၉-၂-၂၀၁၉ ရက်တွင် မြန်မာ့သနပ်ခါးနေ့ပွဲတော်ကို အရာတော်၊ ရွှေဘို၊ ရေစကြိုနှင့် မြိုင်မြို့နယ်တို့တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပဆောင်ရွက်ခဲ့သည်။

တပို့တွဲလပြည့်နေ့တွင် ထမနဲပွဲများကျင်းပခဲ့ပြီး တပို့တွဲလပြည့်နေ့ညတွင် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းကာ၊ သနပ်ခါးအစရှိသော အမွှေးနံ့သာဖြင့် ဘုရားကို မီးပူဇော်ခဲ့ကြသည်မှာ မြန်မာ့ယဉ်ကျေးမှုတစ်ခုပင်ဖြစ်သည်။ ရှေးအစဉ်အဆက်မှ သနပ်ခါးသားဖြင့် မီးပူဇော်ခဲ့သည်ကို အကြောင်း ပြု၍ တပို့တွဲလပြည့်နေ့ကို "တပို့တွဲ လပြည့်နေ့ မြန်မာ့သနပ်ခါးနေ့"ဟူ၍ မြန်မာ့သနပ်ခါးအသင်းကြီးက သတ်မှတ်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။

### အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်း

သနပ်ခါးစိုက်ပျိုးခြင်းမှသည် ရောင်းချသည်အထိ လုပ်သားအင်အားများဖြင့် ဆောင်ရွက်ရပြီး ကုန်ကြမ်းမှ ကုန်ချောတန်ဖိုးမြှင့်ထုတ်ကုန်(Value Added Products)သို့ ထုတ်လုပ်သည့်အခါ လုပ်သားအင်အားများ နေ့စားအလုပ်သမားများငွေရမ်းခ တစ်ရက်လျှင် ကျပ် ၈၀၀၀-၁၀၀၀၀ ဖြင့် အလုပ်သမား ၁၀ ဦးခန့် အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်ပြီး အချိန်ကာလ ရွှေ့လျားမှုများနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန် ပိုမိုလိုအပ်လာသည်။ မိမိတို့ဒေသအတွင်း ပုံမှန်ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းကျဆင်းရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးမှသာ မိသားစုအလိုက် ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး မိသားစုတစ်စုလျှင် တစ်ဦးကျ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်မှသာ မိသားစုများ၏ စားဝတ်နေရေး အခြေအနေ ပြေလည်စေမည်ဖြစ်သည်။

### သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန် ဆောင်ရွက်မှုအခြေအနေ

သနပ်ခါးအရင်းပိုင်းကို အတုံးအတိုင်းရောင်းပြီး အဖျားပိုင်းကို ကြိတ်၍ သနပ်ခါးအခဲ၊ သနပ်ခါးအမှုန့်များထုတ်လုပ်ရောင်းချပါသည်။ အရာတော်မြို့နှင့် ဝါးရောင်းကျေးရွာ၊ မန်ကျည်းကန် ကျေးရွာ၊ တမာပင်ကျေးရွာတို့တွင် သနပ်ခါးစက်များရှိပါသည်။ ယခင်က မော်လမြိုင်နှင့် ရခိုင်ပြည်နယ်များအထိ တင်ပို့ရောင်းချခဲ့သည်။ ယခုအခါ သနပ်ခါးထုတ်ကုန်အဖြစ် သနပ်ခါးအရည်၊ အမှုန့်၊ ဆပ်ပြာ၊ ခေါင်းအုံး၊ စိတ်ပုတီး၊ သနပ်ခါးပင်ဖြင့် ဆင်းတုတော်၊ အလှပန်းအိုး အမျိုးမျိုး တီထွင်ဆန်းသစ်ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ မြန်မာ့သနပ်ခါးကို မြတ်နိုးတန်ဖိုးထားမှု ရှင်သန်ဖွံ့ဖြိုးလာစေရန်၊ မြန်မာ့သနပ်ခါးသည် အလှအပအတွက် လိမ်းခြယ်ခြင်းနှင့်အတူ ကျန်းမာရေးကိုပါ အထောက်အကူဖြစ်စေသည်ကို သိရှိလာစေရန်၊ မြန်မာ့သနပ်ခါး၏ ဆေးစွမ်းကောင်းများကို မြန်မာပြည်သူတို့ သိရှိလာစေခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးရှိပြည်သူများ သိရှိတန်ဖိုးထားတတ်စေရန် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်သည် အရေးကြီးသော အခန်းက ပါဝင်နေသည်။ အသင်းအဖွဲ့များအနေဖြင့် မိမိဒေသ မိမိတို့ အထူးပြုရာလုပ်ငန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေလိုသော ပြင်းပြသောဆန္ဒ၊ စေတနာ၊ ဝါသနာ၊ နောက်မျိုးဆက်အတွက် လမ်းဖွင့်ပေးခဲ့သော အမွေအဖြစ် မှတ်ကျောက်တင် ဆောင်ရွက်သွားမည်၊ အစိုးရကဏ္ဍဘက်ကလည်း အချိတ်အဆက်မိမိ ပူးပေါင်းပံ့ပိုး ဆောင်ရွက်သွားမည်ဆိုပါက မြန်မာ့သနပ်ခါး ကမ္ဘာ့အဆင့် တက်လှမ်း၍ အောင်မြင်မည်ဖြစ်သည်။



# ဆီးသီးခြောက်မှ တန်ဖိုးမြင့်ထုတ်ကုန် ဆီးဆန် ထုတ်လုပ်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ စက်မှုဇုန်ရှိ ဆီးသီးခွဲစက်မှ တန်ဖိုးမြင့် ထုတ်ကုန်ဆီးဆန်များ ထုတ်လုပ်လျက်ရှိသည်။ ဆီးဆန်ထုတ်လုပ်သည့် လုပ်ငန်းရှင်မှ လက်ရှိအချိန်တွင် ဆီးသီး ခွဲစက် သုံးလုံးဖြင့် လည်ပတ်နေကြောင်း၊ ဆီးသီးပေါ်ချိန်တွင် ဆီးသီးခြောက်ကုန်ကြမ်းများ ဝယ်ယူ၍ တစ်နှစ်ပတ်လုံး ကြိတ်ခွဲထုတ်လုပ်ကြောင်း သိရှိရသည်။ ဆီးသီးခွဲစက်တွင် အလုပ်သမား ခြောက်ဦးဖြင့် လုပ်ကိုင်နေပြီး အလုပ်သမားတစ်ဦးလျှင် တစ်ရက် ကျပ် ၈၀၀၀ ပေးကြောင်း သိရှိရသည်။ ဆီးသီးအစိုများ မဝယ်ဘဲ ဆီးသီးအခြောက်များကို မြို့ပေါ်ရှိပွဲရုံများမှဝယ်ယူကြောင်း၊ ယခင်နှစ်ဆီးသီးပေါ်ချိန် တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ရကြောင်း၊ ယခုအချိန်တွင် ဆီးသီးအခြောက်များ ဝယ်ယူ၍မရသေးကြောင်း လုပ်ငန်းရှင်ထံမှ သိရှိရသည်။

ဆီးသီးအစို ငါးတင်း နေလှန်းလျှင် အခြောက်လေးတင်း ရရှိသည်ဟု တောင်သူများထံမှ သိရှိရကြောင်း၊ ဆီးဆန်ထုတ်လုပ်ရာတွင် ဆီးသီးခြောက်ကိုအသုံးပြု၍ ပထမဦးစွာ စက်ဖြင့် အခွံချွတ်ရကြောင်း၊ ထွက်ရှိလာသော ခွဲသားများအား အစေ့နှင့်အခွံများကို သန့်စင်ခွဲခြားပြီး ရရှိလာသော ဆီးစေ့များကို စက်ဖြင့်ကြိတ်ခွဲရကြောင်း၊ အစေ့နှင့် ခွဲသားများကို ထပ်မံ၍ စက်ဖြင့် သန့်စင်ခွဲခြားပြီး ထွက်ရှိလာသော အမှုန်အမွှားများကို ထပ်မံသန့်စင်အောင် ပြုလုပ်၍ ကောင်းမွန်သန့်ရှင်းသော ဆီးဆန်များ ထုတ်လုပ်ကြောင်း သိရသည်။

ဆီးသီးခြောက် တစ်တင်း (၁၆ ပိဿာ) ကြိတ်ခွဲလျှင် ဆီးဆန် ၂၅ ကျပ်သားထွက်ရှိ၍ ယခင်နှစ်က ဆီးသီးခြောက် တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူ၍ လုပ်ငန်းရှင်များအနေဖြင့် တွက်ခြေကိုက်မှု နည်းခဲ့ကြောင်း သိရသည်။

ယခုနှစ်လာမည့် မတ်လကုန်တွင် တွင်ကျယ်စွာ ကြိတ်ခွဲရမည်ဖြစ်၍ ဆီးဆန်ဈေးနှုန်းကောင်းရရှိရန် မျှော်လင့်ထားကြောင်း၊ ရရှိလာသောဆီးဆန်များကို မန္တလေးမြို့ရှိ ကုန်သည်များထံသို့ တိုက်ရိုက်ရောင်းချကြောင်း အဆိုပါ ဆီးဆန်များကို တိုင်းရင်းဆေး ဖော်စပ်ရာတွင် အသုံးပြုကြောင်း ဆီးဆန် ကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းရှင်၏ ပြောပြချက်အရ သိရသည်။

**သူဇာကျော်(ပခုက္ကူ)**

# မိတ္ထီလာ ဒေသထွက်ကုန်ဈေးကွက်

### နှမ်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆီထွက်သီးနှံဖြစ်သည့် နှမ်းညိုနှင့်နှမ်းဖြူကို အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးနှမ်းစိုက်ဧက ၃၂၅၉၉၀ ဧကရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၄ ဒသမ ၇ တင်းခန့် ထွက်ရှိကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီး ဌာန စာရင်းအရသိရသည်။

၂၀၂၆ခုနှစ် ဇန်နဝါရီလစတုတ္ထပတ်အတွင်း မြို့ပေါ်ပွဲရုံများ၌ တစ်ပတ်လျှင်အိတ် ၅၀ ခန့် ရောင်းဝယ်လျက်ရှိကြောင်း၊ နှမ်း ညိုတစ်တင်းလျှင် ကျပ် ၉၇၅၀၀-၁၀၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ယခင်လနှင့် ကာလတူနှိုင်းယှဉ်လျှင် နှမ်းညို တစ်တင်းလျှင် ကျပ် ၁၀၅၀၀-၁၂၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၀၀၀ ခန့် ဈေးနှုန်း မြင့်တက် လာကြောင်း၊ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဈေးကွက် လက်ကျန်နည်းလာခြင်း၊ တိရစ္ဆာန်အစာဈေးမြင့်၍ ကုန်ကြမ်းဈေး မြင့်တက်လာရခြင်း ဖြစ်ကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ဒေသတွင်း ဆီကြိတ်စက်များမှ အများဆုံးဝယ်ယူကြကြောင်း သိရသည်။

### ပဲစင်းငုံ

မိတ္ထီလာခရိုင်တွင် ပဲမျိုးစုံသီးနှံများတွင် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားရှိသည့် ပဲစင်းငုံကို အဓိကစိုက်ပျိုးကြပြီး မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း စသည့် လေးမြို့နယ်လုံး စိုက်ပျိုးကြကြောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပဲစင်းငုံစိုက်ဧက ၁၀၂၂၁ စိုက်ပျိုးခဲ့ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာရင်းအရ သိရသည်။

မိတ္ထီလာမြို့ ပဲမျိုးစုံဈေးကွက်တွင် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ မလှိုင်မြို့နယ်များရှိ ကျေးရွာများမှ ဈေးကွက်အတွင်း ပဲစင်းငုံများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး မြို့ပေါ်ပွဲရုံများ၌ တစ်ရက်လျှင် အိတ် ၅၀၀၀ ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲစင်းငုံဈေးနှုန်းမှာ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၄၀၀၀-၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ကာလတူနှိုင်းယှဉ်လျှင် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၄၅၀၀-၅၅၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

### ကြက်သွန်နီ

မိတ္ထီလာဈေးကွက်တွင် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ကြက်သွန်နီဈေးများ မြင့်တက်လာသည်။ အဟောင်းလက်ကျန်နည်းလာခြင်းနှင့် ဝယ်လိုအားများခြင်းကြောင့် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ဝယ်လိုအား ပုံမှန်ရှိသည့် ပြည်တွင်းဈေးကွက်အပြင် ပြည်ပဝယ်လိုအားကြောင့် ဈေးမြင့်လာရာ လက်ကားဈေး တစ်ပိဿာလျှင် အသစ်မှာ ကျပ် ၂၀၀၀- ၂၈၀၀ အဟောင်းမှာ ကျပ် ၁၅၀၀-၁၈၀၀ ရှိခဲ့သည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် ကြက်သွန်နီဈေးမှာ လက်ကား တစ်ပိသာလျှင် အသစ်ကျပ် ၁၅၀၀၊ အဟောင်းမှာ ကျပ် ၁၂၀၀ ဈေးဖြင့် ဝယ်ယူနေကြောင်း ကြက်သွန်နီကုန်သည်များထံမှ သိရသည်။ ကြက်သွန်နီအဟောင်းမှာ အရည်အသွေးနိမ့်လာပြီဖြစ်၍ အသစ်များကိုသာ တင်ပို့နေကြောင်း၊ ယခုအခါ မိတ္ထီလာဈေးကွက်အနေဖြင့် ကြက်သွန်နီကို ပြည်ပသို့ တင်ပို့နေကြောင်း ကြက်သွန်နီပွဲရုံများမှ သိရသည်။

### ထောပတ်ပဲ

မိတ္ထီလာမြို့ရှိသီးနှံစုံပွဲရုံများတွင် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ထောပတ်ပဲများ ဝင်ရောက်လာကြောင်း သိရသည်။ ဒေသတွင်း တောင်သူများအနေဖြင့် ပဲမျိုးစုံ သီးနှံများတွင် ပဲစင်းငုံကို အများဆုံး စိုက်ပျိုးသော်လည်း ထောပတ်ပဲကိုလည်း နှစ်စဉ် စိုက်ပျိုးလေ့ရှိသည်။ ထောပတ်ပဲကို မိုး/ဆောင်းနှစ်သီးစိုက်ပျိုးရာ မိတ္ထီလာခရိုင်အတွင်း မလှိုင်မြို့နယ်တွင် အများဆုံး စိုက်ပျိုးသည်။ သီးနှံပေါ်ချိန်တွင် ဈေးကွက်၌ ဝယ်လိုအားရှိသည့်အပြင် ပဲအစိုအနေဖြင့်လည်း ဒေသတွင်း စားသုံးရန် ဝယ်လိုအားရှိခြင်းတို့ကြောင့် နှစ်စဉ်စိုက်ပျိုးခြင်းဖြစ်သည်။

ဈေးနှုန်းအနေဖြင့် ပဲအစိုမှာ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် တစ်ပိဿာ ကျပ် ၆၀၀၀-၆၅၀၀ ရရှိခဲ့ပြီး ရင့်မှည့်ခြောက်သွေ့သည့်အချိန် ဇန်နဝါရီလ၌ တစ်တင်းလျှင် ကျပ် ၇၁၀၀၀-၇၂၀၀၀ ထိ ရောင်းချရကြောင်း တောင်သူများထံမှ သိရသည်။

ထောပတ်ပဲဈေးမှာ ယခင်နှစ်က တစ်တင်းလျှင် တောင်သူရောင်းချရသည့်ဈေးမှာ ကျပ် ၈၂၀၀၀- ၈၃၀၀၀ ဈေးရှိခဲ့သဖြင့် ယခင်နှစ် လောက်ဈေးကောင်းမရသော်လည်း ပဲအစိုအနေဖြင့် လက်လီ ရောင်းချနိုင်ခြင်း၊ မိသားစုစားသုံးနိုင်ခြင်းတို့ကြောင့် နှစ်စဉ် စိုက်ပျိုးကြကြောင်း ဈေးကွက်မှ သိရသည်။

**သင်းသင်းမြတ်၊ မြို့ရီ (MDY DOCA)**



**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# အရည်အသွေးမြင့် နှမ်းနက်ထုတ်လုပ်မှုမှသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့

စန္ဒာစိုးလွင်(မကွေး)

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ မြန်မာ့ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့်အတိုင်း ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် အဓိကကျသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် နှမ်းသီးနှံ စိုက်ဧရိယာသည် ဆီထွက်သီးနှံ စိုက်ပျိုးမှုများအနက် ၅၀ ရာခိုင်နှုန်းခန့်စိုက်ပျိုးကြသည်။ ထိုအထဲတွင် နှမ်းနက်(Black Sesame) သည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပပို့ကုန်ကဏ္ဍတွင်ပါ အလွန်အရေးပါသော စီးပွားဖြစ် သီးနှံတစ်ခုဖြစ်သည်။

**နှမ်းစိုက်ပျိုးမှု**

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်များတွင် နှမ်းကို အဓိကထား စိုက်ပျိုးကြသည်။ အဓိကအားဖြင့် မိုးနှမ်းနှင့် ဆောင်းနှမ်းဟူ၍ စိုက်ပျိုးကြပြီး ဆည်ရေရရှိသော ဒေသများတွင်မူ နွေနှမ်းကိုလည်း စိုက်ပျိုးကြသည်။

**နှမ်းနက်ထုတ်ကုန်များ**

မြန်မာ့နှမ်းနက်(နှမ်းနက်စမုန်)သည် ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် သတ်မှတ်ခြင်းခံထားရသည်။ နှမ်းနက်စမုန်သည် နိုင်ငံခြားဈေးကွက်တွင် ဝယ်လိုအားအမြင့်ဆုံးဖြစ်ပြီး ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ အဓိကထား ဝယ်ယူကြသည်။ မြန်မာ့နှမ်းနက်ကို ဂျပန်နိုင်ငံမှ ကျန်းမာရေးနှင့်ဖြည့်စွက်စာအတွက်သော် လည်းကောင်း၊ တရုတ်နိုင်ငံမှ ဆီထုတ်လုပ် ခြင်းနှင့် မုန့်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် သော်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံမှ ဟင်းခတ်အမွှေးအကြိုင်နှင့် ဆီအဖြစ်အသုံးပြုရန်အတွက်သော် လည်းကောင်း ဝယ်ယူလျက်ရှိသဖြင့် နိုင်ငံခြား ပို့ကုန်အဖြစ် တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added) အဖြစ် နှမ်းကို အခွံချွတ်၍ သန့်စင်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသော နှမ်းနက်များကို အကြမ်းထည်(Raw Material) အတိုင်းသာမက တန်ဖိုးမြှင့်ထုတ်ကုန် (Value-added Products) များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဖြူးလျက်ရှိသည်။ နှမ်းနက်ဆီသည် နှမ်းနက်ကို အအေးစာနည်း (Cold Pressed) ဖြင့် ကြိတ်ခွဲထားသော ဆီဖြစ်ပြီး အနံ့မွှေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းတို့ကြောင့် ဟင်းချက်ရာတွင်သော်လည်းကောင်း၊ အသုပ်များတွင် ဆမ်း၍သော်လည်းကောင်း အသုံးပြုကြသည်။ သန့်စင်ပြီး နှမ်းနက်စေ့သည် (ဖုန်၊ သဲ၊ ခဲ) ကင်းစင်အောင် စက်ဖြင့် သန့်စင် ထားသော နှမ်းစေ့များ ဖြစ်သည်။ ၎င်းကို ပေါင်မုန့်၊ ကိတ်မုန့်နှင့် ဘီစကစ်လုပ်ငန်းများတွင် အပေါ်ယံဖြူးရန် အသုံးပြုကြသည်။ ထို့အပြင် မြန်မာ့ရိုးရာ သရေစာများဖြစ်သော နှမ်းယို၊ နှမ်းလိပ်နှင့် နှမ်းလှော်ထုပ်များအဖြစ်လည်း ထုတ်လုပ်သည်။ ဆံပင်သန်စွမ်းဆေး (Hair Oil)သည် နှမ်းနက်ဆီကို အခြေခံ၍ ထုတ်လုပ်ထားပြီး အသားအရေ စိုပြည်စေရန်အတွက် နှိပ်နယ်ဆီ (Massage oil) နှင့် ဆပ်ပြာ (Natural Soap) များ ထုတ်လုပ်ရာတွင် နှမ်းနက်ကို အသုံးပြုသည်။

**နှမ်းနက်နှင့် ကျန်းမာရေး**

နှမ်းနက် (Black Sesame)သည် ရှေးယခင်ကတည်းက "အသက်ရှည်ဆေး"ဟု တင်စားရလောက်အောင် ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အစားအစာတစ်ခုဖြစ်သည်။ ၎င်းတွင် ဗီတာမင်၊ သတ္တုဓာတ်နှင့် အင်တီအောက်ဆီးဒန့် (Antioxidants)များ ကြွယ်ဝစွာ ပါဝင်သည်။ နှမ်းနက်ကို စားသုံးခြင်းဖြင့် အရိုးနှင့် သွားများကို သန်မာစေခြင်း၊ သွေးတိုးကျစေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းမှန်စေခြင်း၊ အသားအရေနှင့် ဆံကေသာကို ကောင်းမွန်စေခြင်း၊ ကိုယ်ခံစားစနစ်ကို မြှင့်တင်ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

**ဈေးနှုန်းဈေးကွက်နှင့် တင်ပို့နိုင်မှု**

ဈေးနှုန်းဈေးကွက်အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း ၂၅-၁၂-၂၀၂၅ ရက်နေ့တွင် နှမ်းနက်စမုန် တစ်တင်းလျှင် ကျပ် ၂၃၀၀၀၀၊ ၂၅-၁-၂၀၂၆ရက်နေ့တွင် နှမ်းနက်စမုံ တစ်တင်းလျှင် ကျပ် ၂၃၃၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်း နှိုင်းယှဉ်ပါက နှမ်းနက်စမုန်ဈေးနှုန်း အနည်းငယ် တက်လျက်ရှိကြောင်း တွေ့ရသည်။ မကွေးတိုင်းဒေသကြီးမှထွက်ရှိသော နှမ်းနက်များကို ပြည်ပဈေးကွက်နှင့် ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးရှိ စားသောက်ကုန်လုပ်ငန်းများသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**လက်တွဲဖြေရှင်း**

မကွေးတိုင်းဒေသကြီး၏ နှမ်းနက်ကဏ္ဍသည် ယခင်က ကုန်ကြမ်းတင်ပို့မှုအပေါ်၌သာ အဓိကထားခဲ့သော်လည်း ယခုအခါ MSME(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွား ရေးလုပ်ငန်း) များမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာခြင်းဖြင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ရပ် ဖြစ်လာသည်။ ခေတ်မီလာသော စိုက်ပျိုးရေး နည်းစနစ်များ၊ MSME လုပ်ငန်းများ၏ တန်ဖိုးမြှင့်ထုတ်ကုန် ဖန်တီးမှုများနှင့် ပြည်ပဝယ်လိုအား အလားအလာကောင်းများသည် မကွေးတိုင်းရှိတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် တောက်ပသောအနာဂတ်ကို ညွှန်ပြနေသည်။ သို့သော်လည်း ရာသီဥတုပြောင်းလဲမှု၊ ပိုးသတ်ဆေးအကြွင်းအကျန် ကင်းစင်ရေးနှင့် ခေတ်မီထုပ်ပိုးမှု နည်းပညာစိန်ခေါ်မှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲဖြေရှင်းသွားနိုင်ပါက မြန်မာ့နှမ်းနက်သည် ကမ္ဘာ့ဈေးကွက်တွင် ထိပ်တန်းအဆင့်၌ ဆက်လက်ရပ်တည်နေမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ "အရည်အသွေးမြင့် နှမ်းနက် ထုတ်လုပ်မှုမှသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့"ဟူ၍ မကွေးတိုင်း၏ နှမ်းနက်ကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေး မောင်းနှင်အားတစ်ခုအဖြစ် ဆက်လက်ရှင်သန်နေဦးမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



# မြိတ်ဒေသထွက် တန်ဖိုးမြှင့်ထုတ်ကုန် အုန်းပျို့ဆီ (Virgin Coconut Oil)

တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့သည် ပင်လယ်ရေ ဝန်းရံလျက်ရှိသော ကျွန်းစုမြို့ဖြစ်သောကြောင့် ရေထွက်ကုန်ပစ္စည်းသာမက အခြားသောဒေသထွက်ကုန်များဖြင့်လည်း လူသိများထင်ရှားသည်။

အဆိုပါ ထွက်ကုန်များထဲတွင် ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုသော အုန်းပျို့ဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အုန်းပျို့ဆီဆိုသည်မှာ သာမန်အုန်းဆီများကဲ့သို့ အလွယ်တကူရှိသော အုန်းသီးခြောက်များအား ခွဲခြမ်း နေလှန်း အဆီကြိတ်၍ရရှိသော အုန်းဆီမျိုးမဟုတ်ဘဲ မြိတ်ကျွန်းစုကမ်းခြေများ၏ မြေဆီလွှာများတွင် သဘာဝအတိုင်း ပေါက်ရောက်နေသော အုန်းသီးများထဲမှ သက်တမ်း ၁၂ လမှ ၁၃ လ အရွယ်ရှိသော အုန်းသီးများကို စနစ်တကျ ရွေးချယ်ပြီး Cold-Pressed နည်းပညာဖြင့် ထုတ်လုပ်ထားသည့် အုန်းဆီကို ဆိုလိုသည်။

အုန်းပျို့ဆီအား ထုတ်လုပ်ရန်အတွက် အုန်းပင်အမျိုးအစား ရွေးချယ်ရာတွင်(က)နှစ်ရှည်အုန်းပင် (အပင်ပု မျိုးမရပါ)၊ (ခ)သဘာဝမြေဆီမြေသားဖြင့် စိုက်ပျိုးသည့်အုန်းပင်၊ (ဂ)ဓာတ်မြေဩဇာ အသုံးပြုသည့် သီးနှံစိုက်ခင်းများမရှိသည့် အုန်းခြံများနှင့် အော်ဂဲနစ်အုန်းပင်များမှ ထွက်ရှိလာသော အုန်းသီးများကိုသာ စနစ်တကျ အသုံးပြုရပါသည်။

အဆိုပါအုန်းပင်များမှ ထွက်ရှိလာသော သက်တမ်းအားဖြင့် ၁၂ လမှ ၁၃ လထိ အရွယ်ရောက်ပြီး အုန်းသီးများ၊ အရည်ကောင်းစွာ လှုပ်ပြီး အခွံမာအညိုရောင်(သို့မဟုတ်)အနက်ရောင်ရှိ အုန်းသီးများ၊ လတ်ဆတ်သော အုန်းသီးများ (ခူးဆွတ်ပြီးနှစ်ပတ်)အား ရွေးချယ်အသုံးပြုရသည်။ နေလှန်းအခြောက်ခံအုန်းသီးများ၊ အစိုထွက် အညှောက်ပေါက်နေသော အုန်းသီးများ၊ အုန်းရည်စိမ့်ထွက်နေသည့် အသီးများနှင့် တစ်လထက်ပို၍ သိုလှောင်ထားသည့် အုန်းသီးများဖြင့် အုန်းပျို့ဆီ ထုတ်လုပ်၍မရပေ။ မြိတ်ဒေသ၌ အုန်းပျို့ဆီ ထုတ်လုပ်ရာတွင် မလိကျွန်းမှ ထွက်ရှိသော အုန်းသီးများကိုသာ အဓိကအသုံးပြုကြောင်း သိရသည်။

ရွေးချယ်ထားသော စံနှုန်းမီအုန်းသီးများကို အတွင်း အခွံမာ ခွာထုတ်ပြီး အုန်းသား မခြစ်မီအချိန်ထိ လေထုအပူချိန် သက်ရောက်မှု မရှိစေရန် အုန်းသားများကို ရေစိမ်ထားရှိရသည်။ ထို့နောက် အုန်းသားခြစ်ခြင်း၊ အုန်းနို့ညှစ်ခြင်း လုပ်ငန်းစဉ်များ တစ်ဆင့်တည်းလုပ်ဆောင်ပြီး Cream ခွဲစက် အသုံးမပြုမီထိ အုန်းနို့မွှေစက်ဖြင့် အုန်းနို့အား မွှေပေးထား၍ ရရှိလာသော အုန်းနို့များကို Cream Separator ဖြင့် ခရင်ခွဲထုတ်ရသည်။ ရရှိလာသည့် အုန်းနို့ခရမ်များအား အေးခဲစေရန်အတွက် ရေခဲသေတ္တာထဲတွင် ၂၄ နာရီကြာထားရှိရသည်။ အေးခဲနေသည့် အုန်းနို့ခရမ်များကို ရေနွေးငွေ့အပူချိန် ၃၀ ဒီဂရီဆဲလ်စီးယပ်ဖြင့် အရည်ပျော်စေခြင်းဖြင့် အုန်းပျို့ဆီကိုရရှိသည်။

ရရှိလာသည့် အုန်းပျို့ဆီများကို ငွေ့ရည်ထုတ်စက်ဖြင့် အခြောက်ခံခြင်း၊ ဆန်ခါစစ်ခြင်း၊ အနည်ချခြင်း စသည်များ အဆင့်ဆင့်လုပ်ဆောင်ပြီးပါက အုန်းပျို့ဆီ(Virgin Coconut Oil)ကို ရရှိမည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်ထားသော အုန်းပျို့ဆီသည် ဓာတုပစ္စည်းသုံးစွဲခြင်းမရှိသောကြောင့် အပူချိန် ၂၇ ဒီဂရီဆဲလ်စီးယပ်အထက်တွင် ကြည်လင်သော အရည်အဖြစ် ပုံဆောင်မည်ဖြစ်ပြီး ၂၂ ဒီဂရီဆဲလ်စီးယပ်တွင် ခရမ်အဖြစ် ပုံဆောင်နေမည်ဖြစ်သည်။

အုန်းပျို့ဆီကို ကျောက်ကပ်ပိုးဝင်ခြင်း၊ အပူလောင်ခြင်းနှင့် အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ဝမ်းတွင်းပြည်တည်အနာများ၊ သွားဖုံးရောဂါ၊ ဆီးချိုရောဂါများအတွက်သာမက အဝလွန်သူများနှင့် ကျန်းမာရေးအတွက် အဆီချလိုသူများ အသုံးပြုနိုင်ကြောင်း လေ့လာသိရှိရသည်။ ယခင်က အုန်းသီးကို သဘာဝခေါင်းလိမ်းဆီနှင့် မုန့်လုပ်ငန်းအတွက်သာ အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင် အုန်းသီးကို အခြေခံကာလတန်ဖိုးမြှင့် ထုတ်ကုန်များ၊ လူတို့အတွက်လိုအပ်သော ကျန်းမာရေးထုတ်ကုန်များ၊ အာဟာရ ဖြည့်ထုတ်ကုန်များ၊ အခြေခံစားကုန်များအဖြစ် အမြောက်အမြားထုတ်လုပ်လျက်ရှိသောကြောင့် အုန်းသီးစိုက်ပျိုးသူများအတွက် ဝင်ငွေကောင်းလျက်ရှိသည်။ မြိတ်ဒေသမှထွက်ရှိသော အုန်းပျို့ဆီများကို ၁၀၀ မီလီလီတာ တစ်ဘူးလျှင်ကျပ် ၉၀၀၀၊ ၃၀၀ မီလီလီတာ တစ်ဘူးလျှင် ကျပ် ၂၇၀၀၀၊ ၅၀၀ မီလီလီတာ တစ်ဘူးလျှင် ကျပ် ၄၅၀၀၀၊ ၁၀၀၀ မီလီလီတာ တစ်ဘူးလျှင် ကျပ် ၉၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ညီညီဇော် (မြိတ်)**

# ဖန်သားပြင်ပေါ်က ဒစ်ဂျယ်တယ်မားကက်တင်း အွန်လိုင်း စီးပွားရေး

**ငြိမ်းဝေနှင်း**

နည်းပညာတိုးတက်လာခြင်းနှင့်အမျှ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများသည် ရိုးရာဈေးကွက်စနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာကြသည်။

အထူးသဖြင့် Digital Marketing Online Shop များသည် လက်ရှိကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လာနေပြီဖြစ်သည်။ ယနေ့ခေတ်တွင် နည်းပညာ တိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများထဲမှ Digital Marketing Online Shop များသည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် စားသုံးသူများထံ ထိရောက်စွာ ရောက်ရှိစေရန် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်လာကြသည်။

Digital Marketing Online Shop (ဒစ်ဂျယ်တယ်မားကက်တင်း အွန်လိုင်းစီးပွားရေး) ဆိုသည်မှာ အင်တာနက်နှင့် Digital Platform များကို အသုံးပြု၍ ကုန်ပစ္စည်းများကို ကြော်ငြာရောင်းချသည့် စီးပွားရေးလုပ်ငန်းပုံစံ တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် Smartphone အသုံးပြုသူများ၊ Social Media အသုံးပြုသူများ တိုးပွားလာခြင်းကြောင့် Online Shop များလည်း အလွန်မြန်ဆန်စွာ ဖွံ့ဖြိုးလာခဲ့သည်။ Facebook, Instagram, TikTok, Website နှင့် Online Marketplace များကို အသုံးပြု၍ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ကြော်ငြာရောင်းချသည့်စနစ် စီးပွားရေးလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုနည်းပါးစွာဖြင့် ဈေးကွက်ချဲ့ထွင်နိုင်လာကြသည်။ ထိုသို့ဖြစ်လာခြင်းသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် အထူးအရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အင်တာနက် အသုံးပြုသူများ တိုးလာခြင်းကြောင့် Online Shop များလည်း အလွန်မြန်ဆန်စွာ တိုးတက် လာသည်ကို တွေ့ရသည်။ Digital Marketing ၏ အဓိက အားသာချက်တစ်ခုမှာ ကုန်ကျစရိတ်နည်းပြီး ပစ်မှတ်ထားသော စားသုံးသူ အုပ်စုကို တိကျစွာ ရောက်ရှိနိုင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် Facebook Ads သို့မဟုတ် TikTok Ads များကို အသုံးပြုခြင်းဖြင့် အသက်အရွယ်၊ နေရာဒေသ၊ စိတ်ဝင်စားမှုအလိုက် စားသုံးသူများကို ရည်ရွယ်၍ ကြော်ငြာနိုင်သည်။ ထိုကဲ့သို့သော စနစ်သည် ရိုးရာကြော်ငြာနည်းလမ်းများထက် ထိရောက်မှုမြင့်မားသည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ Digital Marketing Online Shop များသည် အမျိုးမျိုးသော ကုန်ပစ္စည်း အမျိုးအစားများကို ရောင်းချလျက်ရှိသည်။ အထူးသဖြင့် အဝတ်အထည်၊ အလှကုန်ပစ္စည်းများ၊ အစားအသောက်၊ အိမ်သုံးပစ္စည်းများနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများသည် အွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်များစွာ ဖြစ်ပေါ်လျက်ရှိသည်။

Social Media Platform များအနက် Facebook သည် အဓိက အရောင်းအဝယ်ဈေးကွက်အဖြစ် အသုံးများနေပြီး TikTok onf Live Selling နှင့် Video Content များမှတစ်ဆင့် အရောင်းမြှင့်တင်နိုင်သော Platform တစ်ခုအဖြစ် မြန်မာနိုင်ငံတွင် လူကြိုက်များလာသည်။ ထို့အပြင် Delivery Service များ ဖွံ့ဖြိုးလာခြင်းကြောင့် Online Shop များ၏ လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူလာသည်။

ယနေ့ခေတ်တွင် အင်တာနက် အသုံးပြုသည့် e-Commerce များ ကမ္ဘာလွှမ်းခြုံလာခြင်း၊ အရှိန်အဟုန်ဖြင့် ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စားသုံးသူ ကာကွယ်ရေးတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရပြီး စားသုံးသူအခွင့်အရေး ချိုးဖောက်မှုများလည်း ဖြစ်ပေါ်လာကြောင်းတွေ့နေရသည်။ ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာများ၊ အရည်အသွေးမပြည့်သော ထုတ်ကုန်များ၊ ကုန်ပစ္စည်းအတုပေးပို့မှု၊ အန္တရာယ်ရှိသော ထုတ်ကုန်များ၊ ငွေပေးချေမှု ပြဿနာများ၊ လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ ပြဿနာများ၊ တစ်ဖက်သတ်စာချုပ်များ စသည်တို့ကို ကြုံတွေ့ရလျက်ရှိသည်။ နည်းပညာများကို အလွဲသုံးစားပြုလုပ်၍ ကုန်ပစ္စည်းများ အတုအပပြုလုပ်ကာ စားသုံးရန် မသင့်သည့်ပစ္စည်းများကို ရောင်းချခြင်း၊ အွန်လိုင်း ငွေကြေး လိမ်လည်မှုများ စသည့် ဖြစ်စဉ်များကို ကာကွယ်နိုင်ရန် အွန်လိုင်းစားသုံးသူ ကာကွယ်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း မှတ်ပုံတင်ခြင်းကို ကုန်သွယ်ရေးဦးစီးဌာနက စိစစ်မှတ်ပုံတင်ပေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းတို့ကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ ယုံကြည်စိတ်ချရသော အွန်လိုင်းရောင်းဝယ်မှု စနစ် ဖြစ်ပေါ်လာစေရန် ကျင့်ဝတ်နှင့် မညီသော စီးပွားရေးလုပ်ငန်း အလေ့အထများ အား တာဝန်ယူမှု၊ တာဝန် ခံမှုရှိလာစေရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းမဟုတ်သော အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက ကဏ္ဍစုံမှ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်သည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံ၏ Digital Marketing Online Shop ဒစ်ဂျယ်တယ် မားကက်တင်း အွန်လိုင်းစီးပွားရေးများသည် လက်ရှိနှင့် အနာဂတ် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်နေပြီး နည်းပညာ တိုးတက်လာသည်နှင့်အမျှ ပိုမိုတိုးတက်လာနိုင်မည်ဟု မျှော်လင့်ရပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအတွက်သာမက စားသုံးသူ နိုင်ငံသားများ၏ နေ့စဉ်ဘဝကိုပါ အပြုသဘောဖြင့် ပြောင်းလဲပေးနိုင်သော အရေးပါသည့် စီးပွားရေးကဏ္ဍတစ်ရပ် ဖြစ်လာလျက်ရှိသည်။ အွန်လိုင်း ဈေးဝယ်မှုစနစ်ကြောင့် စားသုံးသူများသည် အချိန်နှင့် အလုပ်အပေါ်ဖိအားများကို လျှော့ချနိုင်ပြီး နေရာမရွေး အချိန်မရွေး မိမိလိုအပ်သော ကုန်ပစ္စည်းများကို လွယ်ကူစွာ ရွေးချယ်ဝယ်ယူနိုင်လာသည်။

ထို့အပြင် Digital Marketing Online Shop ဒစ်ဂျယ်တယ်မားကက်တင်း အွန်လိုင်းစီးပွားရေးများမှတစ်ဆင့် ဈေးနှုန်း နှိုင်းယှဉ်နိုင်ခြင်း၊ ကုန်ပစ္စည်း အမျိုးအစား စုံလင်စွာ ရွေးချယ်နိုင်ခြင်းနှင့် သတင်းအချက်အလက်များကို ကြိုတင်သိရှိနိုင်ခြင်းတို့ကြောင့် စားသုံးသူ အခွင့်အရေးများ တိုးတက်စေပြီး ဈေးကွက်အတွင်း တရားမျှတမှုကိုလည်း အထောက်အကူပြုစေသည်။

အနာဂတ်တွင် Digital Marketing Online Shop ဒစ်ဂျယ်တယ်မားကတ်တင်း အွန်လိုင်းစီးပွားရေးများ ပိုမိုဖွံ့ဖြိုးလာခြင်းဖြင့် စားသုံးသူနိုင်ငံသားများသည် ပိုမိုမြန်ဆန်သော ဝန်ဆောင်မှုများ၊ ယုံကြည်စိတ်ချရသော ငွေပေးချေမှုစနစ်များနှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Digital Marketing Online Shop များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးထောက်ခံသည့်အပြင် စားသုံးသူ နိုင်ငံသားများ၏ ဘဝ အရည်အသွေးကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပိုမိုတိုးတက်အောင်မြင်လာနိုင်မည်ဖြစ်သည်။

**ကိုးကားချက်- Philip Kotler & Kelvin Lone Keller**

## ၂၀၂၅ ခုနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရရှိခဲ့သည့် ဗီယက်နမ်

တင်းကျပ်သည့်စံနှုန်းသတ်မှတ်ချက်များနှင့် အပြန် အလှန်အကောက်ခွန်များနှင့် ရင်ဆိုင်နေရသော်လည်း ဗီယက်နမ်၏ရေထွက်ကုန်တင်ပို့မှုမှာ သိသာစွာ အားကောင်းခဲ့ပြီး စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၄ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သည် ၂၀၂၅ ခုနှစ်တွင် ပုစွန်တင်ပို့မှုမှတစ်ဆင့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၅ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကာ စုစုပေါင်း ရေထွက်ကုန်တင်ပို့မှု တန်ဖိုး၏ ၄၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ဗီယက်နမ်သည် Tra ငါး (ဗီယက်နမ်ငါးတန်) တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံ၊ အခြားငါးအမျိုးအစားများ တင်ပို့မှုမှ ဝင်ငွေ ၂ ဒသမ ၁၆ ဘီလီယံ၊ တူနာငါးတင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၁၃ သန်းနှင့် ကမာတင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ သန်းပတ်လည်ရရှိခဲ့ကြောင်း သိရသည်။ ဗီယက်နမ်သည် ၂၀၂၅ ခုနှစ်တွင် CPTPP အုပ်စုဝင်နိုင်ငံများသို့ ရေထွက်ကုန် အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၇ ဘီလီယံ၊ တရုတ်သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅ ဘီလီယံနှင့် ဥရောပသမဂ္ဂသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနီးပါးတင်ပို့ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်ပင်လယ်စာ ထုတ်လုပ်သူများနှင့် တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Do Ngoc Tai က ပထမဆုံးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ဖြတ်နိုင်ခဲ့ခြင်းသည် ကြံ့ကြံ့ခံနိုင်မှု၊ လိုက်လျောညီထွေ ဆောင်ရွက်နိုင်မှုနှင့် ဗီယက်နမ်၏ ရေထွက်ကုန်ကဏ္ဍ၏ ဆုံးဖြတ်ချက်ခိုင်မာမှု၏ ရှင်းလင်းသော သက်သေပြချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် Tai က လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး မသေချာမရေရာမှု၊ ယှဉ်ပြိုင်မှုနှင့် စည်းမျဉ်းဖိအားများနှင့်အတူ ၂၀၂၆ ခုနှစ်သည် ဆက်လက်မတည်မငြိမ်ဖြစ်နိုင်ပြီး ဈေးကွက် ကွဲပြားရန်နှင့် တည်ငြိမ်သော ဖွဲ့စည်းပုံလိုအပ်သည်ကို အလေးပေးပြသနေကြောင်း မှတ်ချက်ပြုခဲ့သည်။

**Vietnam Plus, မြသူ၊ DOCA (ရန်ကုန်)**

## 2026 ckESwifqefwefel3 'or 8oef;wefefY wifbif;awmhnfzd'pyfEkdifH



ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးမွေးမြူရေးဦးစီးဌာနမှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဝယ်လိုအားနှင့် စားသုံးမှုများမြင့်တက်နိုင်သည်ဟု ခန့်မှန်းရသဖြင့် ၂၀၂၆ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ၈ သန်း မက်ထရစ်တန်ခန့် တင်သွင်း တော့မည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေးဦးစီးဌာနမှ အတွင်းရေးမှူးဆိုသူ Francisco Tiu Laurel Jr. က ၂၀၂၆ ခုနှစ်အတွက် ဆန်တင်သွင်းမည့်အစီစဉ်အား ယခင်က ၃ဒသမ၆ သန်း မက်ထရစ်တန်ခန့် တင်သွင်းရာမှ ၃ ဒသမ ၈ မက်ထရစ်တန်အထိ တိုးမြှင့်တင်သွင်းတော့မည်ဖြစ်ကြောင်းနှင့် ဆန်စပါး ထုတ်လုပ်မှုကိုလည်း ၂၀၂၅ ခုနှစ်ကဲ့သို့ပင် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စက်မှုလုပ်ငန်းဗျူရိုမှ ထုတ်ပြန်သော အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံ သည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၈ သန်း မက်ထရစ်တန်ခန့် တင်သွင်းခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၃ဒသမ၆ သန်း မက်ထရစ်တန်ခန့်သာ တင်သွင်းနိုင်ခဲ့ကာ ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဆန်ဝယ်ယူမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံသားများ၏ စိုးရိမ်စိတ်များကို ဖြေရှင်းရန်အတွက် စိုက်ပျိုးမွေးမြူရေးဦးစီးဌာနအနေဖြင့် တစ်ကီလိုလျှင် ပီဆို ၂၀ ဖြင့်ဝယ်ယူနိုင်မည့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်တွင် ဖိလစ်ပိုင်နိုင်ငံမှ အိမ်ထောင်စုတစ်စုတိုင်းသည် တစ်လလျှင် ဆန် ၁၀ ကီလိုခန့် ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း Tiu Laural ပြောကြားခဲ့သည်။

Tiu Laurel က ၂၀၂၆ ခုနှစ်ဆန်အစားထိုး စီမံကိန်းအတွက် နိုင်ငံတော်ရန်ပုံငွေအား ၂၀၂၅ ခုနှစ် ပိုလျှံ လျက်ရှိသော ပီဆို ၄ ဘီလီယံနှင့်အတူ ယခုနှစ်တွင် ပီဆို ၁၀ ဘီလီယံခန့် ချမှတ်ထားကြောင်း ထပ်ပေါင်းပြောကြားခဲ့သည်။


ထို့အပြင် ၎င်းက ဆန်တင်သွင်းမှုအပေါ် အခွန်ကောက်ခံမှုအား ၂၀ ရာခိုင်နှုန်းခန့် တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ တိုးမြှင့်ကောက်ခံမှုကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

**Source: Philstar**

**ညီမင်းထက် DOCA (ရန်ကုန်)**

# အစိမ်းရောင် ငွေချေးစာချုပ်များ ထုတ်ဝေခြင်း

ထွန်းသက်ထွန်း




ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းသည် ကမ္ဘာကြီးအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းကိစ္စကို ဖြေရှင်းရန်အတွက် ဘဏ္ဍာငွေကြေးအမြောက်အများ လိုအပ်မည်ဖြစ်ပြီး ယင်းကိစ္စကို အစိုးရတစ်ရပ်တည်းကသာ ဖြေရှင်းရန်ခက်ခဲပြီး ပုဂ္ဂလိကကဏ္ဍနှင့် ကော်ပိုရေးရှင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများကပါ ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ကံကောင်းစွာပင် ယခုအခါ ယင်းရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကိုပင် လုပ်ငန်းအခွင့်အလမ်း တစ်ရပ်အဖြစ် ဆောင်ရွက်လာကြကာ ကမ္ဘာကြီးကိုကာကွယ်ရင်း တစ်ဖက်တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖန်တီးလာကြပြီးဖြစ်ပါသည်။ ယင်းမှာ အစိမ်းရောင်ငွေချေးစာချုပ်များ ထုတ်ဝေခြင်းဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလက မည်သူမှ သတိမပြုမိခဲ့သည့် လုပ်ငန်းတစ် ရပ်ဖြစ် ပါသည်။

အစိမ်းရောင်ငွေချေးစာချုပ်ဟု ဆိုသဖြင့် ငွေချေးစာချုပ်မျက်နှာပြင်ကို အစိမ်းရောင်မင်ဖြင့်ရိုက်နှိပ်ထားသည်ဟု မထင်မှတ်စေလိုပါ။ အစိမ်းရောင်ငွေချေးစာချုပ် (Green Bond) ဆိုသည်မှာ သာမာန်ငွေချေးစာချုပ်များကဲ့သို့ ကြွေးမြီစာချုပ်စာတမ်း (Debt Instrument) တစ်ခုဖြစ်ပြီး ထူးခြားသည်မှာ အဆိုပါငွေချေးစာချုပ် ထုတ်ဝေရောင်းချ၍ ရရှိလာသည့် ဘဏ္ဍာငွေကြေးများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝစွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများတွင် အသုံးပြုခြင်းပင်ဖြစ်သည်။ ယခုအခါ Climate Bond Standard Board နှင့် အခြားသော ပတ်သက်ဆက်နွယ်နေသည့်အဖွဲ့များမှ အစိမ်းရောင်ငွေချေးစာချုပ်နှင့်ကိုက်ညီသည့် တစ်ကမ္ဘာလုံးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြုစုနေကြပြီဖြစ်သည်။

အစိမ်းရောင်ငွေချေးစာချုပ်များသည် သာမန်ငွေချေးစာချုပ်များကဲ့သို့ပင် ကာလသက်တမ်း၊ ထုတ်ဝေမည့်ပမာဏ၊ အတိုးနှုန်း ၊ အာမခံပေးသည့် ကျောထောက်နောက်ခံအဖွဲ့အစည်းများ စသည်တို့ ပါဝင်သော်လည်း အခြားသော မတူညီသည့် အချက်များရှိသည်။ ဥပမာ- အစီခံတင်ပြခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ရရှိသည့် ငွေများကိုခွဲဝေသုံးစွဲခြင်းစသည်တို့ ဖြစ်သည်။ ဤ အပိုဆောင်း လိုအပ်ချက်များသည်ပင်လျှင် သမားရိုးကျ ငွေချေးစာချုပ်များထက် ဈေးကွက်တွင်လူကြိုက်များစေသည့် အချက်များဖြစ်သည်။ ဤအစိမ်းရောင် ငွေချေးစာချုပ်များကို သာမန်ငွေချေးစာချုပ် ထုတ်ဝေခွင့်ရှိသည့်မည်သည့်အဖွဲ့အစည်းမဆို ထုတ်ဝေနိုင်သည်။ ထုတ်ဝေသည့်အရွယ်အစားမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းမှ ၁ ဒသမ ၇၅ ဘီလီယံအထိ အရွယ်အစား အမျိုးမျိုးရှိပြီး သက်တမ်းမှာ သုံးနှစ်မှ ၂၅ နှစ်အထိ ထုတ်ဝေလေ့ရှိသည်။

အဆိုပါ အစိမ်းရောင်ငွေချေးစာချုပ်များသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များတွင် စီမံချက်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး လွန်ခဲ့သည့်ဆယ်စုနှစ် တစ်ခုကစတင် ခေတ်စားလာခဲ့သည်။ ထို့အတူ အဖွဲ့အစည်းအတော်များများသည်လည်း အဆိုပါငွေချေးစာချုပ်များကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ပထမဆုံး စတင်ထုတ်ဝေခဲ့သည့် အဖွဲ့အစည်းမှာ ဥရောပ ရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် Climate Awareness Bond များကိုစတင်ထုတ်ဝေခဲ့သည်။ ဆက်လက်၍ ကမ္ဘာ့ဘဏ်သည် ၂၀၀၈ ခုနှစ်တွင် အစိမ်းရောင် ငွေချေးစာချုပ်ကို စတင်ထုတ်ဝေခဲ့ပြီး အခြားသောအဖွဲ့အစည်းများဖြစ်သည့် မန်ဆာချူးဆက် ဓနသဟာယ၊ Johannesburg မြို့တော်၊ တိုယိုတာ ဘဏ္ဍာရေးဝန်ဆောင်မှုအဖွဲ့၊ Regency Venture Cooperation ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးရန်ပုံငွေအဖွဲ့၊ ကနေဒါ ပို့ကုန်ဖွံ့ဖြိုးရေးဌာန စသည်တို့သည်လည်း အစိမ်းရောင်ငွေချေးစာချုပ်များကို ထုတ်ဝေခဲ့သည်။ ၂၀၁၀ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးကော်ပိုရေးရှင်း IFC သည် ဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိ အစိမ်းရောင် ငွေချေးစာချုပ်များကို ထုတ်ဝေခဲ့ပြီး ရရှိလာသည့်ငွေများဖြင့် မိုဇမ်ဘစ်နိုင်ငံတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး၊ ပနားမားနိုင်ငံတွင် လေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် တူရကီနိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ကို လျှော့ချစေသည့် အများပြည်သူ ပို့ဆောင်ရေးစနစ်များကို ဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ်တစ်နှစ်တည်းတွင်ပင် အစိမ်းရောင်ငွေချေးစာချုပ် ထုတ်ဝေမှုမှာ ယခင်နှစ်များထက် ၇၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး တစ်ကမ္ဘာလုံးတွင် အမေရိကန်ဒေါ်လာ ၁၅၅ ဘီလီယံဖိုး ထုတ်ဝေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဒေါ်လာ ၂၅၀ ဘီလီယံအထိ ထုတ်ဝေနိုင်မည်ဟု Climate Bonds Initiative အဖွဲ့က ခန့်မှန်းထားခဲ့သည်။ သို့သော် တစ်ကမ္ဘာလုံးနှင့်နှိုင်းစာလျှင် ဤဈေးကွက်မှာ ယခုမှ အခြေတည်ကာစသာ ရှိပါသေးသည်။ အထူးသဖြင့် အစိမ်းရောင်ငွေချေးစာချုပ်များကို ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများကသာ စတင်ထုတ်ဝေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှာ စတင်အရှိန်ယူခါစသာ ရှိပါသေးသည်။

၂၀၂၅ ခုနှစ် အချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာ အစိမ်းရောင် ငွေချေးစာချုပ်ထုတ်ဝေမှုသည် တိုးတက်နေဆဲဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၇၂ ဘီလီယံကျော် ထုတ်ဝေခဲ့ကြောင်းသိရသည်။ ၂၀၂၅ ခုနှစ် တတိယသုံးလပတ်ကုန်တွင် ထုတ်ဝေမှု အမေရိကန်ဒေါ်လာ ၄၆၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး စုစုပေါင်း အစိမ်းရောင်ငွေချေးစာချုပ် ထုတ်ဝေမှုသည် အမေရိကန်ဒေါ်လာ ၃ ထရီလီယံအမှတ်ကို ကျော်လွန်သွားခဲ့သည်။

အာရှတိုက်တွင် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည်သာ အစိမ်းရောင်ငွေချေးစာချုပ်ကို စတင်ထုတ်ဝေသည့် နိုင်ငံများဖြစ်သော်လည်း ထွန်းသစ်စနိုင်ငံများတွင် ဆက်လက်ထွန်းကာလာစရာအကြောင်းရှိကြောင်း ကျွမ်းကျင်သူများကဆိုသည်။ ဥပမာအားဖြင့်- ဘရာဇီးနိုင်ငံရှိ ဘရာဇီးဖွံ့ဖြိုးတိုးတက်ရေးဘဏ်(BN DES) သည် ၂၀၁၇ ခုနှစ် မေလတွင် အမေရိကန်ဒေါ်လာ တစ်သန်းဖိုးရှိ အစိမ်းရောင်ငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချခဲ့ပါသည်။ အဆိုပါထုတ်ဝေရောင်းချသည့် ငွေများဖြင့် လေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံချက်များတွင် အသုံးပြုခဲ့သည်။

ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ဤကိစ္စအောင်မြင်အောင်မည်သို့ဆောင်ရွက်ကြမည်နည်း။ အဆိုပါနိုင်ငံများတွင် အစိမ်းရောင်ငွေချေးစာချုပ်ထုတ်ဝေရေးနှင့်ပတ်သက်၍ ကိစ္စများစွာကို ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။ အထူးသဖြင့် ပိုင်ဆိုင်မှုအတန်းအစားများ Asset Class များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ စံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ ရောင်းဝယ်မှု ပုံစံများချမှတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ခြင်း စသည်တို့ဖြစ်သည်။

ယခုအခါ အစိမ်းရောင်ငွေချေးစာချုပ်များသည် အချုပ်အခြာအာဏာပိုင်အစိုးရများအတွက် လက်နက်အသစ်သဖွယ်ဖြစ်လာပါသည်။ ပိုလန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ အစိုးရတို့သည် အစိမ်းရောင် ငွေချေးစာချုပ်များကို စတင်ထုတ်ဝေသည့်နိုင်ငံများဖြစ်လာသည်။ ဖီဂျီနိုင်ငံသည် ကိုးသိန်းသော ပြည်သူလူထုကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူပြုရန်အတွက် IFC နှင့် ကမ္ဘာ့ဘဏ်တို့၏ အကူအညီကို ရယူကာ အစိမ်းရောင်ငွေချေးစာချုပ်များ ထုတ်ဝေသည့် ပထမ ဆုံးဖွံ့ ဖြိုးဆဲနိုင်ငံဖြစ်လာခဲ့သည်။ ဖီဂျီအစိုးရသည် အမေရိကန်ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိ ငွေချေးစာချုပ်များကို စတင်ထုတ်ဝေရာတွင် ရင်းနှီးမြှုပ်နှံသူများထံမှ မထင်မှတ်ထားသည့်ဝယ်လို အားများစွာကိုရရှိခဲ့ပြီး စတင်ရောင်းဝယ်သည့်အချိန်တွင် ဝယ်ယူလိုသည့် ပမာဏနှင့် ရောင်းချသည့် ပမာဏ မမျှတသည့်အခြေအနေပင် ရောက်ရှိခဲ့ရသည်။ ဤအစိမ်းရောင် ငွေချေးစာချုပ်မှသည် ယခုအခါ ဖီဂျီနိုင်ငံသည် အသစ် အသစ်သော ငွေချေးစာချုပ် အမျိုးအစားများစွာကို ဆက်လက်အောင်မြင်စွာ ထုတ်ဝေလျက်ရှိပြီဖြစ်သည်။

Climate Bonds Initiative ၏ အဆိုအရ အဆိုပါငွေချေးစာချုပ်ထုတ် ဝေနိုင်သည့်အဖွဲ့များကို အတန်းအစားများ ခွဲခြားရာတွင် -

(က) စွမ်းအင်ထုတ်လုပ်ရေး
(ခ) စွမ်းအင်ကို ထိရောက်စွာ အသုံးချရေး
(ဂ) စွမ်းအင်စွန့်ပစ်ပစ္စည်းများကို ထိရောက်စွာ အသုံးချရေး
(ဃ) သယ်ယူပို့ဆောင်ရေး
(င) ရေရရှိရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး
(စ) မြေယာများ အသုံးချရေး (သို့မဟုတ်) အခြေခံအဆောက်အအုံများကို သင့်လျော်စွာအသုံးချရေး

စသည်တို့ဖြစ်သည်။

အစိမ်းရောင်ငွေချေးစာချုပ်များထုတ်ဝေခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သော ပရောဂျက်များ ၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီးပွားရေး အကျိုးအမြတ် ရရှိစေသည့်လုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာများအသုံးပြုမှု လျှော့ချရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ ပရောဂျက်များတွင်ရင်းနှီးမြှုပ်နှံလိုသည့် ရင်းနှီးမြှုပ်နှံသူ အသစ်များ ရရှိစေခြင်း၊ အများပြည်သူ၏အပြုသဘောဆောင်သည့်အမြင်များ ရရှိစေခြင်းနှင့် ခေါင်းဆောင်မှုနှင့် ကုန်အမှတ်တံဆိပ်ထိုးဖောက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်။

အဆိုပါ အစိမ်းရောင်ငွေချေးစာချုပ်ထုတ်ဝေသည့်အဖွဲ့များသည် ထုတ်ဝေရောင်းချ၍ ရရှိလာသည့် ငွေကြေးများကို သုံးစွဲပုံနှင့် အကျိုးရလဒ်များကို အစီရင်ခံရန် လိုအပ်သော်လည်း သီးခြားသတ်မှတ်ထားသည့် စံသတ်မှတ်ချက် မရှိပါ။ အဆိုပါငွေချေးစာချုပ်များကို ထုတ်ဝေရာတွင် ပထမအဆင့်အနေဖြင့် အလားအလာ ကောင်းမွန်သည့် အစိမ်းရောင်လုပ်ငန်း စီမံချက်များကို ရှာဖွေရမည်ဖြစ်ပြီး လိုအပ်မည့် ဘဏ္ဍာရန်ပုံငွေ ပမာဏနှင့် ထုတ်ဝေမည့် ပမာဏတို့ကို တွက်ချက်သတ်မှတ်ရန် လိုအပ်သည်။

ထုတ်ဝေမည့်ငွေချေးစာချုပ်များကို တာဝန်ခံဖြန့်ချိသည့်အဖွဲ့အစည်းများ (underwriter)မှ တစ်ဆင့် ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်ပြီး underwriting ကို ဦးဆောင်နေသည့်အဖွဲ့များမှာ ဆွီဒင် ဘဏ္ဍာရေးအုပ်စု (SEB)၊ Bank of America၊ Merrill Lynch၊ Morgan Stanley၊ Credit Agricole၊ Deutsche Bank၊ JP Morgan အစရှိသည်တို့ဖြစ်သည်။ ဝယ်ယူရင်းနှီးမြှုပ်နှံသူများမှာ ပုံမှန်အားဖြင့် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်စပ်နေသည့်အဖွဲ့များကလည်း ဝယ်ယူရင်းနှီးမြှုပ်နှံကြသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှု မန်နေဂျာများ၊ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အစိုးရနှင့် ကော်ပိုရိတ်များကလည်းပါဝင် ရင်းနှီးမြှုပ်နှံနိုင်ကြသည်။

**Reference : Investment Guide Book**



Performance
Lubricants
LUBRICANTS RAMCO
MG HAWK
Ultra Power
AYE NANDAR MYANMAR
Distribution Company Limited
ayedistributionnmm@gmail.com
09791168971, 09402790897
No(346), Sanpya(2) Street, Thingangyun Township, Yangon
09421122085, 09693245402
No(15), 2Stories Building, Ywar Daw Mingalar Market, Pobbathiri Tsp




Royal-D
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D

THILAWA
GARDEN CITY

လုပ်ငန်းရှင်များအတွက် Shop House ရော
ဝန်ထမ်းနေဖို့အတွက်ပါ တစ်နေရာတည်းမှာ
ပြီးပြည့်စုံစေမှာ Thilawa
Garden City



- Shop House နှစ်ရှည်ငှါးရမ်းခြင်း
  ( 80,000 Kyats ဝန်းကျင်/ Sqft )
- ဝန်ထမ်းအဆောင်ငှါးရမ်းခြင်း
  ( 1 Month - 80,000 Kyats ဝန်းကျင် )

09 777 733 427, 09 757 674 334
marketing@tpdmyanmar.com

TPD Operation Centre,R&C Area, Thilawa SEZ,
Zone A, Thanlyin Township, Yangon

ဒေါင်ထွင့်ခေါင် ထရေးဒင်း ကုမ္ပဏီ လီမိတက်

အိန္ဒိယနိုင်ငံထုတ် ကြွေအိုး၊ ကြွေထည်၊ ကြွေပြား နှင့် တိုင်ကပ်နာရီ အမျိုးမျိုးဖြန့် ချိရေး

09 - 502 5988/ 09 - 785 025 988/ 09 767 200 442





ဘိုထိုင် | ဘိုထိုင် | ရေလောင်းအိုးကြီး (ဘဲနှုတ်သီး) | ရေလောင်းအိုးသေး (ဘဲနှုတ်သီး) | ရေဆွဲအိုး (လိပ်ပြာ) | အိန္ဒိယအိုး (Orissapan)



ခြေနင်းပြား | ကျားဆီးအိုးကြီး | (15".18") | (20".16") | (2' x 2') | Dessert Wood Brown

အခန်းအမှတ် (N.33,34)၊ သီရိရတနာ လက်လီ၊ လက္ကားဈေးဝန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။


Gold Twin Tigers
SUKE
အမှတ် (၁၄၈)၊ သီရိအနော်ရထာ (၁၆)လမ်း၊
ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။


SUKE
HLA TONE ELECTRIC VEHICLE
ELECTRIC VEHICLE CAR SHOWROOM
အမှတ် (၁၅၆)၊ သီရိအနော်ရထာ (၁၆)လမ်း၊
ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။


Gold Twin Tigers Trading Co.,Ltd.
JIDU
EV Showroom
အမှတ် (၁၂၃)၊ သီရိအနော်ရထာ (၁၄)လမ်း၊
ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။


ALPINE
Purified Drinking Water
ဆယ်စုနှစ် နှစ်ခုကျော်ကြာ
သင့်စိတ်ချယုံကြည်မှု
ALPINE
သောက်ရေသန့်
PROMISES PURITY

TRIPLE K

Cargo & Logistic Co.,Ltd



Address: No.47/2, Asia Road, Maekanae Ward, Myawaddy Township, Kayin State

Mobile : +959 791 841 995 Email : ladymothmothzaw1974@gmail.com

COMMERCE INTERNATIONAL

# မကာအိုတွင် အပြည်ပြည်ဆိုင်ရာ အာကာသနှင့် ဂြိုဟ်သိပ္ပံပညာရပ်ဖိုရမ် ကျင်းပ

၂၀၂၆ ခုနှစ် မကာအို အပြည်ပြည်ဆိုင်ရာ အာကာသနှင့် ဂြိုဟ်သိပ္ပံပညာရပ် ဖိုရမ်ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မကာအို အပြည်ပြည်ဆိုင်ရာ အာကာသနှင့် ဂြိုဟ်သိပ္ပံပညာရပ်ဖိုရမ် အခမ်းအနားသို့ နိုင်ငံနှင့် ဒေသ ၁၀ ခုကျော်မှ အာကာသနှင့် ဂြိုဟ်သိပ္ပံနယ်ပယ်များမှ ပညာရှင် ၃၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယင်းဖိုရမ်တွင် တင်ဆက်မှုများနှင့် အကြောင်းအရာဆိုင်ရာ ဆွေးနွေးမှုများပါဝင်ပြီး မတူညီသော နောက်ခံများမှ သုတေသီများအတွက် ဆွေးနွေးမှုများတွင် ပါဝင်ရန်နှင့် အနာဂတ် သုတေသန၏ ညှိနှိုင်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ပွင့်လင်းသော ပလက်ဖောင်းတစ်ခု ပံ့ပိုးပေးနိုင်မည်ဟု စီစဉ်သူများက ယုံကြည်ထားကြသည်။




မကာအို အပြည်ပြည်ဆိုင်ရာ အာကာသနှင့် ဂြိုဟ်သိပ္ပံပညာရပ်ဖိုရမ်သည် တရုတ်နိုင်ငံ၏ လေကြောင်း အာကာသနှင့် နက်နဲသောအာကာသ သုတေသနအတွက် အဓိကဗဟိုချက်အဖြစ် မကာအို၏ အခန်းကဏ္ဍကို အသုံးချရန်၊ တရုတ်နိုင်ငံနှင့် နိုင်ငံတကာ ဂြိုဟ်သိပ္ပံ ပညာရပ်ဆိုင်ရာ အသိုင်းအဝိုင်းအကြား ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစေရန်နှင့် လူငယ်ပညာရှင်များအား အာကာသသိပ္ပံ သုတေသနတွင် ပါဝင်ရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မကာအို သိပ္ပံနှင့် နည်းပညာ တက္ကသိုလ် (MUST)မှ ဥက္ကဋ္ဌဖြစ်သူက ပြောသည်။

မကာအို သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ(FDCT) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း မိမိတို့အဖွဲ့၏ ရန်ပုံငွေမှာ ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့် ဒေသတွင်း သိပ္ပံဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် ဘာသာရပ်နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို မြှင့်တင်နိုင်ရန်အတွက် ရေရှည်ကတိကဝတ်ပြုထားကြောင်း ပြောဆိုခဲ့သည်။

**Source; Xinhua**

## ၂၀၂၅ ခုနှစ်တွင် ဟောင်ကောင်၏ကုန်သွယ်မှု စံချိန်တင်မြင့်တက်ခဲ့

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် ဟောင်ကောင်၏ ကုန်သွယ်မှုမှာ သိသိသာသာ မြင့်တက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ဟောင်ကောင်၏ ပို့ကုန်တန်ဖိုးမှာ ဂဏန်းနှစ်လုံးတိုးတက်မှု ရှိခဲ့ခြင်းကြောင့် စံချိန်သစ်တစ်ရပ် ဖြစ်ခဲ့ကြောင်း၊ စုစုပေါင်း ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုးမှာလည်း သမိုင်းဝင် အမြင့်ဆုံးအထိ ရောက်ရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ (HKSAR) အစိုးရက ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားခြင်း ဖြစ်သည်။


ဟောင်ကောင်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် စုစုပေါင်း ကုန်စည်တင်ပို့မှုတန်ဖိုးမှာ ၂၀၂၄ ခုနှစ်ကထက် ၁၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း HKSAR အစိုးရ၏ သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

၂၀၂၅ ခုနှစ် စတုတ္ထ သုံးလပတ်တွင် စုစုပေါင်း ကုန်စည်တင်ပို့မှုတန်ဖိုးမှာ ၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ကုန်စည်တင်သွင်းမှု တန်ဖိုးမှာမူ ၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဟောင်ကောင်သည် ကမ္ဘာ့စီးပွားရေး အလယ်အလတ်အဆင့်ဖြင့် တည်ငြိမ်စွာ ဆက်လက်တိုးတက်နေကြောင်း၊ ဈေးကွက်အသစ်များနှင့် ကုန်သွယ်စီးပွားဆက်ဆံရေး မြင့်တက်လာကြောင်း၊ ဉာဏ်ရည်တု(AI) နည်းပညာအသုံးပြုထားသည့် အီလက်ထရွန်နစ် ဆက်စပ်ထုတ်ကုန်များအတွက် ကမ္ဘာတစ်ဝန်းတွင် ခိုင်မာသော ဝယ်လိုအား ရရှိနေပြီဖြစ်ခြင်းကြောင့် ကုန်စည်ကုန်သွယ်မှု စွမ်းဆောင်ရည်ကို တိုးတက်အောင် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဟောင်ကောင်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**Source; Xinhua**





## တက်စလာက ကားမော်ဒယ်များအစား အေအိုင်စက်ရုပ်များကို ပိုမိုထုတ်လုပ်မည်

လျှပ်စစ်ကား(EV) ထုတ်လုပ်သည့် တက်စလာ(Tesla)က ကားမော်ဒယ်လ်သစ်များအစား ဉာဏ်ရည်တု(AI) စက်ရုပ်များကို ပြောင်းလဲထုတ်လုပ်မှု ပိုမို လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘီလျံနာသူဌေးကြီး အီလွန်မတ်၏ Tesla ကုမ္ပဏီသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က စုစုပေါင်းဝင်ငွေ ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး အမြတ်ငွေမှာမူ ၂၀၂၅ ခုနှစ် နောက်ဆုံးသုံးလအတွင်း ၆၁ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Tesla က Model S နှင့် Model X ကားများ ထုတ်လုပ်မှုကို ရပ်ဆိုင်းရန် အစီအစဉ်များကိုလည်း ကြေညာထားခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုပါကားများကို ထုတ်လုပ်ခဲ့သည့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်က ထုတ်လုပ်ရေးစက်ရုံကို Optimus ဟု လူသိများသည့် Humanoid စက်ရုပ်များ ထုတ်လုပ်ရန်အတွက် အသုံးပြုတော့မည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာထားသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံထုတ် BYD လျှပ်စစ်ကားက ကမ္ဘာ့အကြီးဆုံး EV ထုတ်လုပ်သူအဖြစ် Tesla ကို ကျော်တက်သွားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုအတွင်းနှင့် ပြည်ပတွင် အီလွန်မတ်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုမှာ အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့ရသည်။

Tesla အနေဖြင့် ဉာဏ်ရည်တု(AI) စက်ရုပ်များကို ထုတ်လုပ်ရန် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ (ပေါင် ၁ ဒသမ ၄၅ ဘီလီယံ) ရင်းနှီးမြှုပ်နှံမှုကိုလည်း ကနဦးပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုထားသည်။ လက်ရှိအချိန်တွင် ကုမ္ပဏီ၏ဝင်ငွေမှာ ကျဆင်းမှုများ ရှိနေသော်လည်း ဉာဏ်ရည်တု (AI) စက်ရုပ်များ ထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ အထိ ထပ်တိုးရင်းနှီးမြှုပ်နှံသွားရန် စီစဉ်ထားကြောင်းနှင့် နောက် ၁၀ နှစ်အတွင်း ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးကို သိသိသာသာ မြှင့်တင်သွားရမည်ဖြစ်ကြောင်း အီလွန်မတ်က ပြောဆိုထားသည်။

**Source; BBC**

စိုင်းဗညား - စုစည်းသည်